မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂၉)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္လာနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မောင်ဂျူးသက်ကိုအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်)

# ထူးချွန်စွာအောင်မြင်သူတို့အတွက်ဂုဏ်ပြုပွဲ

နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတမည်မျှပင်ပေါကြွယ်စေကာမူ လူသားအရင်းအမြစ်ကြွယ်ဝမှုမရှိလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိနိုင်မည်မဟုတ်ပေ။ လူသားအရင်းအမြစ်ကြွယ်ဝစေရန်အတွက် မျိုးဆက်သစ်လူငယ်များကို ဘက်ပေါင်းစုံတွင်ထူးချွန်ထက်မြက်စေရန်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်ဖန်တီးပုံဖော်ကြရမည့် မျိုးဆက်သစ်များဖြစ်သည်။ မျိုးဆက်သစ်တို့အနေဖြင့် ပညာရည်မြင့်မားသူများဖြစ်နေအောင် ကြိုးစားကြရမည်ဖြစ်သည်။ ပညာဆိုသည်မှာ ဘောင်အကန့်အသတ်မရှိ၊ နက်ရှိုင်းကျယ်ပြန့်လှသည်။ မိမိတို့၏ကာယ၊ ဉာဏစွမ်းအားပေါ်မူတည်ပြီး ထူးချွန်ထက်မြက်မည်သာဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားအဖြစ်ပါဝင်နိုင်ရန် လူငယ်များကို ဗလငါးတန်ပြည့်ဝသည့်လူငယ်များဖြစ်အောင်မြှင့်တင်ပေးလျက်ရှိသည်။

အတတ်ပညာသည် အတန်းပညာကိုအခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကိုမဖြစ်မနေအားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး KG+ 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အတန်းပညာအပြင် စည်းကမ်းနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းလိုသည့်စိတ်ဓာတ်များလည်းရှိရန်လိုအပ်မည်ဖြစ်သည်။ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ကျောင်းနေခဲ့ရသူများအနေဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်ကြပြီး ကျောင်းနေခဲ့ရခြင်းမရှိသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများတွင် အားနည်းချက်များရှိမည်ဖြစ်သည်။ အချိန်ရှိခိုက်လုံ့လစိုက်ဆိုသည့်အတိုင်း ကျောင်းနေအရွယ်တွင် ကျောင်းပညာကို အားသွန်ခွန်စိုက်ကြိုးစားသင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူနိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကောင်းမွန်သည့် အထောက်အပံ့များရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အဆင့်မြင့်ပညာများတတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာစေရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ပညာရေးဆိုင်ရာလုပ်ငန်းစဉ်များမှာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်၍ တစ်ခဏတာဖြင့် ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှ အောင်မြင်သည့်လုပ်ငန်းမျိုးမဟုတ်ပေ။ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် စိတ်ရှည်ရှည်ဖွဲသန်သန်ဖြင့် အပင်ပန်းခံကာကြိုးစားမှအောင်မြင်နိုင်မည်ဖြစ်သည်။

ကျောင်းသားများ၏ပညာရေးကောင်းမွန်မှုတွင် ဆရာများ၏အခန်းကဏ္ဍသည်အဓိကဖြစ်သကဲ့သို့ ကျောင်းသားများကလည်း ဆရာများ၏သွန်သင်ဆုံးမမှုအတိုင်း တစ်သဝေမတိမ်းလိုက်နာကြိုးစားကြရမည်ဖြစ်သည်။ ပညာကွင်းဆက်တစ်လျှောက်တွင် ကျောင်းသားတို့နှင့်အတူ အနီးကပ်အချိန်ကြာကြာရှိနေသည်မှာ ဆရာများသာဖြစ်သည်။ ဆရာတို့၏နှုတ်ထွက်စကား၊ သင်ကြားပို့ချမှုများမှာ ကျောင်းသားများအတွက် ဆရာကောင်းတပည့် ပန်းကောင်းပန်သူများဖြစ်သွားနိုင်သကဲ့သို့ “ဆရာလွတ်တော့ရိုင်း၊ မျဉ်းလွတ်တော့ကိုင်း”ဆိုသည့်ပုံပမာ ဖြစ်သွားနိုင်သည်။ ဆရာကောင်းကိုမမှီဝဲ မဆည်းကပ်သူသည် ရိုင်းစိုင်းတတ်သည်။ ထို့အတူ မျဉ်းကြောင်းကိုအားမကိုးဘဲ စာရေးလျှင် စာကြောင်းများ မဖြောင့်မတန်းဖြစ်နေပေမည်။

သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်းဆရာ့ခေါင်းဆိုထားသည့်အတိုင်း မလိမ္မာသောသားသမီး၊ မလိမ္မာသောတပည့်တို့ကြောင့် မိဘဆရာတို့၏ဂုဏ်သိက္ခာကိုထိခိုက်စေသည်။ ကျောင်းသားသည် ကျောင်းပညာရေးတွင် ထူးချွန်စွာတတ်မြောက်အောင် ကြိုးစားကြရမည်ဖြစ်သည်။ မိမိ၏ကြိုးစားမှုမှာ မိမိအတွက်သာမက မိဘဆရာနှင့်နိုင်ငံတော်ကို ကောင်းကျိုးပြုမည်ဖြစ်သည်။ ကျောင်းသားများအတွက် အခြေခံပညာအဆင့်၏နောက်ဆုံးတန်းသည် တက္ကသိုလ်ဝင်တန်းဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကိုကောင်းမွန်စွာအောင်မြင်မှ အဆင့်မြင့်ပညာသို့တက်လှမ်းနိုင်မည်ဖြစ်သည်။

အခြေခံပညာရေးဖွံ့ဖြိုးတိုးတက်အောင်မြင်မှုသည် အဆင့်မြင့်ပညာရေးကိုများစွာအထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဆိုင်ရာများကို ဖြည့်ဆည်းပေးနေခြင်းမှာ ကျောင်းသားများကျောင်းနေပျော်၍ စာတော်နေစေရန်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်အတွက် အဖိုးတန်ရတနာများ ပေါ်ထွန်းလာရေးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ကြသူများမှာ ပညာရေးကိုအလေးထားကာကြိုးစားခဲ့ခြင်းကြောင့် အောင်မြင်မှုရလဒ်ကောင်းထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား နိုင်ငံတော်အဆင့်ဂုဏ်ပြုဆုချီးမြှင့်ခြင်းမှာ အလွန်ပင်ဂုဏ်ယူဖွယ်ကောင်းလှသည်။ ကြိုးစားမှုရလဒ်ကောင်းများအတွက် ထိုက်တန်သောဂုဏ်ပြုချီးမြှင့်ခြင်းမှာ အလွန်ပင်ဝမ်းသာပီတိဖြစ်ရပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မဲပေးစက်ဆိုင်ရာအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

လှိုင်းဘွဲ့ ဩဂုတ် ၂၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ အောင်ဆန်းခန်းမ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သောအချက်အလက်များနှင့် ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို လက်တွေ့အသုံးပြုနိုင်ရန်အတွက် မဲပေးစက်ဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

မဲပေးစက်ဆိုင်ရာအသိပညာပေးဟောပြောပွဲတွင် လှိုင်းဘွဲ့မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက် အလုပ်လုပ်ပုံအဆင့်ဆင့်နှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သောအချက်အလက်များကို အသိပညာပေးဟောပြောပြီး ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို မဲဆန္ဒရှင်ပြည်သူများက လက်တွေ့အသုံးပြုစမ်းသပ်ကြသည်။

လှိုင်းဘွဲ့မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျမဲပေးနိုင်ရန်အတွက် မဲပေးစက်ဆိုင်ရာအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အဖွဲ့များခွဲ၍ လှိုင်းဘွဲ့မြို့ပေါ်ရှိ ရပ်ကွက်များနှင့်အနီးပတ်ဝန်းကျင်ရှိကျေးရွာများ၊ ရွှေဂွန်းကျေးရွာ၊ ထီလုံကျေးရွာ၊ တာပေါင်ကျေးရွာ၊ ဒေါ်လန်းကျေးရွာနှင့် ပိုင်ကျုံမြို့တို့၌ ကွင်းဆင်း၍ အသိပညာပေးဟောပြောခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ (၄၀၆)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂ :၂၀ | Goodnight Listeners |

### MWD Education, Knowledge & Sports Channel

၂၅-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၇:၀၀-၀၈:၄၀ | Grade - 6 မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀-၁၆:၄၀ | Grade - 6 သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၄၀-၁၈:၁၀ | Grade - 6 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၁၀-၁၉:၂၀ | Grade - 3 မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၉:၂၀ -၂၀:၅၀ | Grade - 3 သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၂၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယဆုရ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား ဂုဏ်ပြုပွဲပြုလုပ်

ရန်ကုန် ဩဂုတ် ၂၄

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ်လ ၂၄ ရက် ညပိုင်းက နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပရာ ဆုကြေးငွေစုစုပေါင်း ဒေါ်လာ ၈၀၀၀၀ နှင့် ငွေကျပ်သိန်း ၅၂၃၀ ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ ဒုတိယဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကစားသမားများနှင့် ပြိုင်ပွဲတစ်လျှောက် ယှဉ်ပြိုင်မှု မှတ်တမ်းရုပ်သံအား ပြသသည်။ ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်၊ ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဆုကြေးဒေါ်လာ ၈၀၀၀၀ ကို မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းထံ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အလှူရှင်များက မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဆုကြေးငွေစုစုပေါင်း ဒေါ်လာ ၈၀၀၀၀ နှင့် ငွေကျပ်သိန်း ၅၂၃၀ ကို ဒုတိယဆုရ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများထံ ပေးအပ်သည်။ ထို့နောက် သွင်းဂိုးအများဆုံးဆုရခဲ့သည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ရုပ်သံဖြင့် ကျေးဇူးတင်စကားပြောကြားပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသားများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။




ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည်ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြကာ ဒုတိယဆုရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် ဩစတြေးလျအသင်းကို ၂ ဂိုး-၁ ဂိုး၊ တီမောအသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး ဖိလစ်ပိုင်အသင်းနှင့် တစ်ဂိုးစီသရေကျကာ ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတွင် ဩစတြေးလျအသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သဖြင့် ဒုတိယဆုနှင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဒုတိယဆုအပြင် သွင်းဂိုးအများဆုံးဆုကို တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ခုနစ်ဂိုးဖြင့်လည်းကောင်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုကို မျိုးမြမြင့်မိုးတို့ကလည်းကောင်း ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ၁၀ နှစ်အကြာမှ ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယဆု လေးကြိမ်၊ တတိယဆု သုံးကြိမ် ရရှိထားသည်။

သတင်း-သော်လေး
ဓာတ်ပုံ-သော်ကြီး

# စစ်ကိုင်းတိုင်းဒေသကြီးသို့ ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ခုနစ်လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၇၆၀၀၀ ကျော်ဝင်ရောက်

စစ်ကိုင်း ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးသို့ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ခုနစ်လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၇၆၀၀၀ ကျော်ဝင်ရောက်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထိုသို့လာရောက်ခဲ့သော ခရီးသွားဧည့်သည်များအနက် အများစုမှာ ပြည်တွင်းခရီးသွားများဖြစ်ကြပြီး နိုင်ငံခြားခရီးသွားဧည့်သည်များတွင် Package Tour ဖြင့် လာရောက်လည်ပတ်သူများရှိသကဲ့သို့ မိမိအစီအစဉ်ဖြင့် သီးသန့်လာရောက်လည်ပတ်သူများလည်းရှိကြောင်း သိရသည်။

"ဒီနှစ် ဇန်နဝါရီလကနေ ဇူလိုင်လကုန်အထိ ခုနစ်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ ဟိုတယ်နဲ့တည်းခိုရိပ်သာတွေမှာတည်းခိုတဲ့ ပြည်တွင်းခရီးသွားဧည့်သည် ၇၆၂၉၈ ဦးရှိပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည်က ၄၄၃ ဦးရှိပြီး စုစုပေါင်း ၇၆၇၄၁ ဦးဖြစ်ပါတယ်။ အဲဒီလို လာရောက်လည်ပတ်ရာမှာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ နာမည်ကျော်အထင်ကရ မင်းကွန်းယဉ်ကျေးမှုဒေသကို ဒီနှစ် ဇန်နဝါရီလကနေ မတ်လကုန်ပိုင်းအထိ Package Tour နဲ့ လာရောက်လည်ပတ်ခဲ့တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ စုစုပေါင်း ၂၄၃ ဦးရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိန်ကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ လိုင်စင်ချပေးထားသော ဟိုတယ်နှင့်တည်းခိုရိပ်သာ စုစုပေါင်း ၆၆ ခုရှိပြီး ထိခိုက်ပျက်စီးမှုများကို ပြင်ဆင်ဆောင်ရွက်နေခြင်းနှင့် ယာယီပိတ်ထားခြင်းများကြောင့် လက်ရှိတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၃၁ ခုသာ ဖွင့်လှစ်ထားသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းလိုင်စင်ဖြင့် ဖွင့်လှစ်ထားသော တည်းခိုရိပ်သာပေါင်း ၂၁၂ ခုရှိပြီး လက်ရှိတွင် အားလုံးနီးပါး ဖွင့်လှစ်ထားကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားဇုန်ခြောက်ဇုန်ရှိသည့်အနက် မုံရွာခရီးသွားဇုန်နှင့် စစ်ကိုင်းခရီးသွားဇုန်တို့သို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုအများဆုံးဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ပြည်ပဈေးကွက်ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ကြောင်ပန်းစေ့များ အရောင်းအဝယ်သွက်နေ

မန္တလေး ဩဂုတ် ၂၄

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ တစ်နှစ်လျှင် တစ်ရာသီသာ သဘာဝအလျောက် အလေ့ကျပေါက်ရောက်လေ့ရှိသော ကြောင်ပန်းပင်မှထွက်ရှိသည့် ကြောင်ပန်းစေ့များ မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး ယခုအခါ ပြည်ပဈေးကွက်ဝယ်လိုအားကြောင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

ကြောင်ပန်းစေ့များကို ရှေးယခင်ကတည်းက မြန်မာတိုင်းရင်းဆေးများ ဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုခဲ့ကြပြီး ယခုအခါ တရုတ်နိုင်ငံ၌ ဆေးဝါးထုတ်လုပ်ရာတွင် အရေးပါသောပါဝင်ပစ္စည်းတစ်မျိုးအဖြစ် သတ်မှတ်သုံးစွဲလာကြခြင်းကြောင့် ဈေးကွက်ခိုင်မာမှုရှိကာ ကြောင်ပန်းပင်များ ပေါက်ရောက်လေ့ရှိသော ဒေသများမှ ဒေသခံပြည်သူများအနေဖြင့် အပိုဝင်ငွေရရှိနေကြောင်း သိရသည်။

"ကြောင်ပန်းစေ့ကို တစ်နှစ်မှာ တစ်ရာသီပဲ ခူးဆွတ်လို့ရပါတယ်။ အခုလို မိုးတွင်းကာလ ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ ခူးဆွတ်ကြပါတယ်။ ဒီနှစ်မှာ ကြောင်ပန်းစေ့တွေ အထွက်နှုန်းကောင်းနေတယ်။ လတ်တလောမှာ ကြောင်ပန်းစေ့တွေကို တရုတ်နိုင်ငံက ဝယ်လိုအားများနေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ကြောင်ပန်းပင်များသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အညာဒေသများ၌ သဘာဝအလျောက် အလေ့ကျပေါက်ရောက်သော အပင်အမျိုးအစားဖြစ်ပြီး ကုန်းတွင်းကျသောနေရာများထက် မြစ်၊ ချောင်းကမ်းနားနှင့် သဲချောင်းကမ်းစပ်များ၌ ပိုမိုပေါက်ရောက်လေ့ရှိကာ ရေနံချောင်း၊ ချောက်နှင့် ကျောက်ပန်းတောင်း စသည့်ဒေသများ၌ ကြောင်ပန်းပင်များကို အများအပြားတွေ့ရှိနိုင်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးရှိ သဲတော၊ ဂမ်းတွင်း၊ ကျောက်ဆည်၊ မြစ်သား စသည့်ဒေသများနှင့် ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီ စသည့်မြစ်ကမ်းနံဘေးတို့၌လည်း အလေ့ကျပေါက်ရောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ ပုလဲ၊ ယင်းမာပင်နှင့် မကွေးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ဒေသတချို့၌ သဘာဝအလျောက်ပေါက်ရောက်ကြောင်း သိရသည်။

ဆောင်းဦး



# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



ဆရာတော်ထံ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဩဂုတ် ၂၄

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်၊ တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့၊ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက်စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအားစစ်ရေးချုပ်မှဦးဆောင်၍တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများကဆက်ကပ်လှူဒါန်းကြသည်၊ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့်ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော်အရာရှိကြီးတစ်ဦးမှ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တပ်ကုန်းမြို့၊ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှု အစုစုမှာအလှူငွေကျပ် ၃၂၅ သိန်း ၈ သောင်း ၈ ထောင်ကျပ်၊ ဆန် ၅၇၂ အိတ်၊ ဆီ ၂၆၅ ပိဿာ ၆၀ ကျပ်သား၊ ဆား ၁၆၅၆ ပိဿာ၊ ပဲ ၁၆၅၆ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူးနှင့် နိုင်ငံခြားဆေးမျိုးစုံ ၁ ခြင်းတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးချစ်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဦးချစ်ဆွေတို့သည်ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် ပူးပေါင်းအဖွဲ့ဖြင့် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေသော လုပ်ငန်းများဖြစ်ကြသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပို့ကုန်လုပ်ငန်းနှင့်သွင်းကုန်လုပ်ငန်းများကို X-Ray စက်ဖြင့် စစ်ဆေးခြင်း၊ တားဆီးဖမ်းဆီးပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်းတွင်အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်းသိရသည်။



မြဝတီ

# ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များ အားပေးနှုတ်ဆက်

လွိုင်ကော် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ ဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေများကိုကြည့်ရှုပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဟဲဟိုးမြို့မှ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ်လွိုင်ကော်မြို့သို့ ဆက်လက်ထွက်ခွာရာ လွိုင်ကော်မြို့အဝင်၌ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့ရှိ တန်ခိုးကြီး တောင်ကွဲစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်သည်။

ညပိုင်းတွင် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္ဇာမြင့်မိုရ်၊နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင်အနုပညာရှင်များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုပန်းခြင်းအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

မြဝတီ

# ဂုဏ်ယူဝင့်ကြွား ပန်းကလေးများ

ရေနံ့သာမောင်ကျော်ညွန့်

**ပန်းပေါင်းစုံဖြာ ဝေစည်ကာ**
**သင်းပျံ့ ချိုကြည်သာ၊**
**သာပါပေတောင်း သာပေ့တောင်း**
**တို့ရင်ထဲက ပန်းအပေါင်း။**
**ပန်းပေါင်းစုံလင် ပန်းသဘင်**
**အလှကိုယ်စီ ယဉ်၊**
**ယဉ်ပါပေတောင်း ယဉ်ပေ့တောင်း**
**တို့ရင်ထဲက ပန်းအပေါင်း။**

ယနေ့ကျောင်းနေအရွယ်မောင်မယ်တို့သည် မိဘပြည်သူတို့၏ ရင်သွေးရတနာပန်းကလေးများဖြစ်ကြသလို နိုင်ငံတော်၏ရင်သွေးရတနာပန်းကလေးများလည်းဖြစ်ကြသည်။ ထိုရတနာပန်းကလေးများသည် လှပသောအဆင်းရှိကြသည်။ သင်းပျံ့သောအချင်းလည်းရှိကြသည်။ အဆင်းလည်းရှိ၊ အချင်းလည်းရှိသော ရတနာပန်းကလေးများဖြစ်ကြသည်။ အဆင်းလည်းရှိ၊ အချင်းလည်းရှိသော ရတနာပန်းကလေးများသည် မိဘပြည်သူများက မြတ်မြတ်နိုးနိုးတန်ဖိုးထားရသလို နိုင်ငံတော်ကလည်း မြတ်မြတ်နိုးနိုးတန်ဖိုးထားရသူများဖြစ်သည်။ ယနေ့ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နံနက်ခင်းသည် အခြားနေ့များထက်တစ်မူထူး၍ မင်္ဂလာကျက်သရေရှိနေသည်။ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်တွင် မိဘပြည်သူတို့၏ရင်သွေးရတနာများဖြစ်ကြသော နိုင်ငံတော်၏ ရင်သွေးရတနာများအား နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သော မင်္ဂလာပွဲသဘင်ကို ဆင်ယင်ကျင်းပနေသည့် မြင်ကွင်းကြောင့်ဖြစ်သည်။ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများသည်ကား "၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ"ပင်ဖြစ်သည်။



ဇေယျာသီရိဗိမာန်အတွင်းတွင် ရောက်ရှိနေကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူတို့၏ရင်ထဲတွင် လမင်းထိန်ထိန်သာနေသလို အခမ်းအနားသို့ ကြွရောက်ချီးမြှင့်လာကြသော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်တာဝန်ရှိသူများ၊ မိဘပြည်သူများ၏ရင်ထဲတွင်လည်း လမင်းထိန်ထိန်သာနေသည်။ ခန်းမတစ်ခုလုံးသည် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်တာဝန်ရှိသူများ၊ မိဘပြည်သူများ၏ ဂုဏ်ယူဝမ်းမြောက်ကြည်နူးကာ ပီတိပွားနေကြသော ရွှင်ရွှင်လန်းလန်းအပြုံးပန်းများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူတို့၏ ဖျတ်လတ်သွက်လက်တက်ကြွနေသော ရွှင်ရွှင်လန်းလန်းအပြုံးပန်းများဖြင့် မွှေးကြိုင်သင်းပျံ့နေသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကျောင်းနေအရွယ် မောင်မယ်များ၏ ပညာရေးကို မျက်ခြည်ပြတ်မခံဘဲ အမြဲတစေအာရုံစိုက်နေသည်။ ကျောင်းနေအရွယ်မောင်မယ်များအားလုံး ဘက်စုံပညာရေးမှတစ်ဆင့် ဗလငါးတန်ဖွံ့ဖြိုးပြီး စိတ်ဓာတ်ကြံ့ခိုင်သည့်စွမ်းရည်ပြည့်ဝနှလုံးလှသူများဖြစ်ပေါ်လာအောင် အမြဲတစေ ဝါယမစိုက်နေသည်။ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုစေမည်ဖြစ်ရာ ဒေသတွင်းစီးပွားရေးတိုးတက်ကောင်းမွန်စေရန် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝအောင်ဆောင်ရွက်ရန် အာသီသပြင်းပြနေသည်။ မျက်ခြည်မပြတ်သော အာရုံ၊ စိုက်ထုတ်နေသောဝါယမ၊ ပြင်းပြနေသောအာသီသတို့ကြောင့် သွားရောက်ခဲ့သည့် နေရာဒေသအသီးသီးတို့၌ မိဘပြည်သူများနှင့်တွေ့ဆုံပြီး ပညာရေးကို ဝိုင်းဝန်းအားပေးကူညီကြရန်အမြဲတစေတိုက်တွန်းနေသည်။ ယခုအခါသည် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်က အလေးပေးဆောင်ရွက်နေသည့်အချိန်အခါဖြစ်သည်။ ကျောင်းနေအရွယ် မောင်မယ်များကို စိတ်ဓာတ်ခွန်အားကြံ့ခိုင်စေရန် အမြဲတစေမြှင့်တင်ပေးနေရုံမက အားပေးမြှောက်စားဂုဏ်ပြုချီးမြှင့်ပေးနေသော အချိန်အခါလည်းဖြစ်သည်။ ယခုကျင်းပသော "၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက်အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား"သည် ပညာရေးရင်းနှီးမြှုပ်နှံမှုမြောက်မြားစွာထဲမှ ပြယုဂ်တစ်ခုဖြစ်ပြီး ကျောင်းနေအရွယ်လူငယ်မောင်မယ်များကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနေမှု၊ ဂုဏ်ပြုချီးမြှင့်မြှောက်စားပေးနေမှုမြောက်မြားစွာထဲမှ ပြယုဂ်တစ်ခုလည်းဖြစ်သည်။

> **ယခုအခါသည် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံတော်က အလေးပေးဆောင်ရွက်နေသည့်အချိန်အခါဖြစ်သည်။ ကျောင်းနေအရွယ်မောင်မယ်များကို စိတ်ဓာတ်ခွန်အားကြံ့ခိုင်စေရန် အမြဲတစေမြှင့်တင်ပေးနေရုံမက အားပေးမြှောက်စားဂုဏ်ပြုချီးမြှင့်ပေးနေသော အချိန်အခါလည်းဖြစ်သည်။**

ယခုကျင်းပသည့် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် **"ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျကြောင်း၊ လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း၊ ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာသင်ယူစဉ်တွင် အလေ့အကျင့်ကောင်းများနှင့်အစွမ်းကုန်ကြိုးစားခဲ့ကြသလို အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ဝါသနာပါသည့်၊ စိတ်ဝင်စားသည့် ပညာရပ်များကို မှန်မှန်ကန်ကန်ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာသင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂) ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် မှာကြားလိုကြောင်း၊ ထူးချွန်မောင်မယ်များအနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်မိမိကောင်းမွန်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် လူငယ်များ၏ အနာဂတ်ကိုဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း၊ "ဗလငါးတန်"နှင့် ပြည့်စုံသည့်လူငယ်များဖြစ်အောင် ကြိုးစားပြီး ကျင့်ကြံနေထိုင်ကြရန်မှာကြားလိုကြောင်း၊ လူရယ်လို့ဖြစ်လာပါက စည်းကမ်းရှိရန်၊ ဥပဒေများကိုလေးစားလိုက်နာတတ်ရန်လိုကြောင်း၊ လူငယ်များအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး ကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကိုထိန်းသိမ်းကြရန်နှင့်သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် တတ်အားသရွေ့ပါဝင်ကြရန်မှာကြားလိုကြောင်း"** စသည်တို့ကို တိုက်တွန်းမှာကြားသည်။ ထူးချွန်မောင်မယ်တစ်ဦးချင်းစီ၏လူနေမှုအဆင့်အတန်းမြင့်မားပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်ရည်သန်၍ တိုက်တွန်းသည့်မှာကြားချက်များဖြစ်သည်။ ဦးလည်မသုန်နာယူမှတ်သားပြီး တစိုက်မတ်မတ်ပြုဆောင်ကြရမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက ဘာသာစုံဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီအား ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးသည်။

အခြေခံပညာကျောင်းများမှ သင်ကြားလေ့ကျင့်ပေးနေသော ကျောင်းနေအရွယ်ကလေးများ ပညာရေးအဟောသိကံဖြစ်စေမည့်၊ သင်ယူမှုအခွင့်အလမ်းအလှမ်းဝေးစေမည့်၊ ပညာသင်ယူရန်အဟန့်အတားဖြစ်စေမည့် စသည့်စိန်ခေါ်မှုများကို နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးဖြေရှင်းပေးနေသည့်အပြင် အတန်းကူးပြောင်းမှုနှုန်းမြင့်မားအောင် စီမံဆောင်ရွက်ပေးနေသည်။ အဆက်ဆက်က မသင်မနေရမူလတန်းပညာရေးကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ရာ ယခုအခါတွင် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (KG+9)အထိ **စာမျက်နှာ ၇ သို့◆**

◆ စာမျက်နှာ ၆ မှအဆက်

မသင်မနေရပညာရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။

အခြေခံပညာအလယ်တန်းဆင့်နဝမတန်း(KG+9)အထိ မသင်မနေရပညာရေးနှင့်အတူ အခြေခံပညာအလယ်တန်းဆင့်နဝမတန်း(KG+9)ကို ပြီးမြောက်အောင်မြင်သူများသည် အခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့လည်းကောင်း နှစ်သက်ရာ၊ ဝါသနာပါရာ၊ စိတ်ဝင်စားရာ အခြေခံပညာအထက်တန်းကျောင်းများသို့ စိတ်ကြိုက်ရွေးချယ်ကာ သင်ယူနိုင်သည့်အခွင့်အလမ်းများကို လမ်းဖွင့်ပေးထားသည်။ ကျောင်းပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာရေးကို ချိတ်ဆက်ထားခြင်းဖြစ်ပေသည်။ ယခုအခါတွင် နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးကြီးနှင့်စေတနာထားဆောင်ရွက်ပေးခဲ့ရာ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းပေါင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်/သိပ္ပံအသီးသီးသို့တက်ရောက်ပြီး ပညာသင်ယူနိုင်သကဲ့သို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းအောင်မြင်သူများသည်လည်း သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်/သိပ္ပံအသီးသီးသို့တက်ရောက်ပြီး ပညာသင်ယူနိုင်သည်။


အနာဂတ်ပညာတတ်လူငယ်များများပြားလာစေရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးကာ Polytechnic တက္ကသိုလ်များဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါတွင် Polytechnic တက္ကသိုလ် ၈ ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်ပြီး သိရှိထားရန်လိုအပ်သည်။ ထို့ကြောင့် တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ဆိုင်ရာနှင့် စီးပွားရေးပညာရပ်ဆိုင်ရာ B.A(Law)နှင့် B.A(Eco)ဘွဲ့များကို သင်ကြားနိုင်အောင် ဆောင်ရွက်ပေးထားပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်မောင်မယ်တို့၏ အနာဂတ်လမ်းချောမွေ့ဖြောင့်တန်းနေအောင် ပညာပန်းများဖြင့် လမ်းခင်းပေးနေခြင်းဖြစ်သည်။ ထိုသို့စီမံဆောင်ရွက်ပြီး ပညာပန်းများဖြင့် လမ်းခင်းပေးနေခြင်းသည် မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားပြီး ပညာရည်မြင့်မားသောမျိုးဆက်သစ်လူငယ်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်လိုသောကြောင့်ဖြစ်သည်။

ထိုသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပညာရည်ပြည့်ဝသော လူသားအရင်းအမြစ်များသည် အခရာဖြစ်လေသည်။ ပညာရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးရာတွင် အခြေခံပညာရေး၏ အခန်းကဏ္ဍသည် ပင်မမဏ္ဍိုင်ဖြစ်ပေသည်။ ပင်မမဏ္ဍိုင်ဖြစ်သည့်အခြေခံပညာရေးကဏ္ဍတွင် သင်ယူနေကြသော ကျောင်းနေအရွယ် မောင်မယ်များ၏ အတန်းကူးပြောင်းမှုနှုန်း အညွှန်းကိန်းသည် မြင့်မားနေရပေမည်။ အတန်းကူးပြောင်းမှုနှုန်းအညွှန်းကိန်း မြင့်မားလေလေ အတန်းပညာတတ်မြောက်မှုနှုန်း အညွှန်းကိန်းမြင့်မားလေလေဖြစ်သည်။ အတန်းပညာတတ်မြောက်မှုနှုန်းအညွှန်းကိန်းမြင့်မားလေလေ ပညာရည်ပြည့်ဝမှုနှုန်းအညွှန်းကိန်းမြင့်မားလေလေဖြစ်သည်။

ပညာရည်ပြည့်ဝမှုနှုန်းအညွှန်းကိန်းမြင့်မားဖို့ အဓိကအချက်မှာ အတန်းကူးပြောင်းမှုနှုန်းအညွှန်းကိန်းမြင့်မားရေးဖြစ်သည်။ ထို့ကြောင့် အတန်းကူးပြောင်းမှုနှုန်းအညွှန်းကိန်းမြင့်မားအောင် ကြိုးပမ်းလုပ်ဆောင်ကြရပေမည်။ ထိုသို့ကြိုးပမ်းလုပ်ဆောင်ကြရာတွင် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးက လက်တွဲညီညီဖြင့်တစ်ခဲနက်ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့နိုင်ငံသည် သူများနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်နေပြီး ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနေနိုင်မည်ဖြစ်ပေသည်။

ယနေ့ကျင်းပသော “၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင်” ထူးချွန်ထက်မြက်သော၊ သွက်လက်ဖျတ်လတ်သော၊ ကြံ့ခိုင်သန်စွမ်းသော စသည့် စွမ်းရည်ပြည့်လူငယ်မောင်မယ်များကို ဂုဏ်ယူစွာမြင်တွေ့နေရသည်။ ကျောင်းနေဆဲ ကျောင်းနေအရွယ်မောင်မယ်တို့သည် မြင်တွေ့နေရသောအစ်ကို၊ အစ်မများကို အားကျအတုယူပြီး ကြိုးစားသင်ယူကြရမည်ဖြစ်သည်။ အခြေခံပညာသင်ကျောင်းများကလည်း နိုင်ငံတော်အတွက် လိုအပ်သည့် ပညာစွမ်းရည်ပြည့်လူသားအရင်းအမြစ်များဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်မွေးမြူပေးနေသည်။ အခြေခံပညာသင် ကျောင်းများက သင်ကြားလေ့ကျင့်မွေးမြူပေးနေသော ကျောင်းနေအရွယ်မောင်မယ်အားလုံးတို့သည် နောင်အခါတွင် နိုင်ငံအကျိုးပြု ပညာစွမ်းရည်ပြည့်လူသားအရင်းအမြစ်များပင်ဖြစ်သည်။

“မြန်မာ့ကျောင်းသား နိုင်ငံတော်အတွင်း ထင်လင်းရှိရမည်၊
စည်းကမ်းသေဝပ်ခြင်းအရင်းပြုသည်၊
ဝီရိယလည်းရှိရမည်၊ ကိုယ်ကျင့်တရားကောင်းမွန်ပေသည်။
အများရှုစရာ၊ သနားကရုဏာ၊ တရားမှုမှာပိုပါသည်။
ယဉ်ယဉ်ကျေးကျေး လွန်သိမ်မွေ့ပါသည်။
ပညာတိုးတက်စေမည်၊ နိုင်ငံတန်ခိုးထက်စေမည်၊ တို့အမျိုးဇာနည်ပီပါပေသည်။
မြန်မာကျောင်းသား ပညာရေးကျန်းမာရေးညီ”ဟူသော မြန်မာ့ကျောင်းသီချင်းကို လူသားအရင်းအမြစ်အညွှန့်အဖူးကလေးများဖြစ်ကြသည့် ကျောင်းနေအရွယ်မောင်မယ်တို့က ကြွေးကြော်ကျူးရင့်သီဆိုနေကြပြီဖြစ်သည်။ ကြားရသူတိုင်း၏ ရင်ထဲတွင်ပီတိရေအလျဉ်များ တသွင်သွင်စီးဆင်းနေပါသတည်း။ ။




နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## အနောက်ပိုင်းနည်းပညာတက္ကသိုလ် အဝင်လမ်းအထိ ၃၃ ကေဗွီလိုင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိလျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် FMI အိမ်ရာရှေ့မှ အနောက်ပိုင်းနည်းပညာတက္ကသိုလ် အဝင်လမ်းအထိ ၃၃ ကေဗွီလိုင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းရွှေ့ပြောင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်သွားရေး၊ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးတို့ကို မှာကြားကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၃၀ ကေဗွီ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်သွားနိုင်ရေးမှာကြားပြီး ဓာတ်အားခွဲရုံဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တာဝန်ရှိသူများက ဟင်္သာတခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခများကောက်ခံမှု၊ မီတာများတပ်ဆင်မှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီးက ဟင်္သာတခရိုင်အတွင်း လက်ရှိဓာတ်အားရရှိမှုအဆင့်မှ ဓာတ်အားသုံးစွဲသူများပြားလာစေရေး၊ စီးပွားရေးနှင့်စက်မှုလုပ်ငန်းသုံးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးနှင့် သုံးစွဲယူနစ်အတိုင်း ဓာတ်အားခများကောက်ခံရရှိနိုင်ရေး၊ ဗို့အားပြည့်ဝစေရေး၊ ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်း ကျဆင်းစေရေးနှင့် ဓာတ်အားခဝင်ငွေတိုးပွားရေး၊ လက်ရှိကြွေးကျန်များကောက်ခံရရှိရေး၊ တရားမဝင်သုံးစွဲမှုများစစ်ဆေးဖော်ထုတ်ရေး ကွင်းဆင်းစစ်ဆေးရာတွင် စစ်ဆေးရေးအဖွဲ့များက သတ်မှတ်ကွင်းဆင်းစစ်ဆေးမှုပုံစံများနှင့် စစ်ဆေးမှတ်တမ်းတင်ဆောင်ရွက်သွားကြရန်၊ ဓာတ်အားစဉ်ဆက်မပြတ်ပေးနိုင်ရေးအတွက် System Improvement လုပ်ငန်းများကို တင်ပြဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

**တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ**

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့ | ၁ | - | ၁ | နော့တင်ဟမ် |
| အဲဗာတန် | ၂ | - | ၀ | ဘရိုက်တန် |
| ဖူဟမ် | ၁ | - | ၁ | မန်ယူ |

**စပိန်လာလီဂါ**

| | | | | |
|---|---|---|---|---|
| အက်သလက်တီကို | ၁ | - | ၁ | အယ်ချီ |
| လီဗန်တေး | ၂ | - | ၃ | ဘာစီလိုနာ |
| အိုဆာဆူနာ | ၁ | - | ၀ | ဗလင်စီယာ |

# သက်ကြီးသတိမေ့ရောဂါအကြောင်းသိကောင်းစရာ

**"သက်ကြီးသတိမေ့ရောဂါသည် ပုံမှန်အားဖြင့် ဦးနှောက်တွင်းရှိ အာရုံကြောစနစ်များ တဖြည်းဖြည်းယိုယွင်းပျက်စီးလာ၍ ဖြစ်ရသောကြောင့် ပျောက်ကင်းအောင် ကုသနိုင်ခြင်းမရှိသော်လည်း လက်ရှိတွင် ဦးနှောက်တွင်းရှိ အာရုံကြောကွန်ရက်ဆက်သွယ်မှုကို ကောင်းစေသည့်ဆေးဝါးများပေး၍ ရောဂါနှေးအောင်ကုသသည့်အပြင် ပုံမှန်မဟုတ်သောပရိုတင်းများ၊ အမျှင်များ စုပုံလာမှုမဖြစ်ရန် ဦးတည်ပြုပြင်သည့်ဆေးဝါးများနှင့်လည်း ကုသလျက်ရှိသည်. . ."**

သက်ကြီးသတိမေ့ရောဂါခံစားရသူများသည် မေ့လျော့ခြင်းဆိုင်ရာဝေဒနာများကို အဓိကခံစားကြရပြီး စိတ်ပိုင်းဆိုင်ရာခံစားရမှုများပြောင်းလဲလာကာ အချိန်ကြာလာသည်နှင့်အမျှ လုပ်ဆောင်နိုင်မှုစွမ်းရည်များ ကျဆင်းလာကြသည်။ လူမှုဆက်ဆံရေး အားနည်းလာသောကြောင့် အိမ်တွင်း၌ အနေများလာကြသည်။ အသက်အရွယ် ကြီးလာသည်နှင့်အမျှ မှတ်ဉာဏ်စွမ်းအားနှင့် လုပ်ဆောင်နိုင်စွမ်းရည်နည်းလာပြီး စိတ်အလိုမကျမှုများ ရှိလာနိုင်သော်လည်း မေ့လျော့ရောဂါခံစားရသော လူကြီးများတွင် ပို၍ သိသာကာ တဖြည်းဖြည်းပိုဆိုးလာပြီး နေ့စဉ်ပုံမှန်ကိစ္စများပင် မဆောင်ရွက်နိုင်ဖြစ်လာနိုင်သည်။

**ပုံမှန်အသက်ကြီးခြင်းနှင့် မေ့လျော့ရောဂါခံစားရမှု ကွာခြားချက်**

ပုံမှန်အသက်ကြီးလာသဖြင့် မေ့လျော့ခြင်း၊ နာမည်မေ့ခြင်း၊ စကားပြောနေစဉ် စကားလုံးရှာရခက်ခြင်း၊ တွေ့ဆုံရန်ချိန်းဆိုထားသည်များ၊ အရေးကြီးနေ့စွဲများ မေ့တတ်သော်လည်း တစ်ခါတစ်ရံသာဖြစ်၍ ပြန်လည်မှတ်မိတတ်ပါသည်။ ပင်ပန်းနွမ်းနယ်နေချိန်တွင်သာ စိတ်အလိုမကျဖြစ်တတ်သော်လည်း ပုံမှန်အားဖြင့် သာမန်စိတ်အခြေအနေ ရှိတတ်သည်။ ပစ္စည်းအထားမှားသည်ကိုလည်း အစပြန်ရှာနိုင်တတ်သည်။ လူမှုဆက်ဆံရေးအသိုက်အဝန်းတွင် ပုံမှန်သွားလာနေထိုင်ကြသည်။

**သက်ကြီးသတိမေ့ရောဂါဖြစ်စေနိုင်သည့် အကြောင်းများ**

အယ်လ်ဇိုင်းမားအစရှိသော သက်ကြီးသတိမေ့ရောဂါများသည် ဦးနှောက်တွင် ပုံမှန်မဟုတ်သော Protein ဓာတ်များ စုပုံလာမှုကြောင့် အာရုံကြောဆဲလ်များ ပျက်စီးသေဆုံးကာ အာရုံကြောကွန်ရက်များ ဆက်သွယ်ဆောင်ရွက်နိုင်မှု အားနည်းလာပြီး ပြန်လည်ကောင်းမွန်ရန် ခက်ခဲပါသည်။ သို့ရာတွင် ပြန်လည်ကောင်းမွန်နိုင်သော မေ့လျော့ဝေဒနာခံစားရခြင်းများရှိသဖြင့် စနစ်တကျရောဂါရှာဖွေကုသသင့်သည်။

အသက်ရလာသည်နှင့်အမျှ သက်ကြီးသတိမေ့ရောဂါကို ခံစားရနိုင်သော်လည်း တချို့သော သတိမေ့လျော့ရောဂါများသည် ငယ်ရွယ်သူများတွင်ပါ ခံစားရတတ်သည်။ မိသားစုဝင်များအတွင်း ရောဂါခံစားရသောမျိုးရိုးရှိပါက မိမိတွင်လည်း ရောဂါဖြစ်နိုင်ခြေများသည်။ အကြားအာရုံ၊ အမြင်အာရုံမကောင်းခြင်း၊ စိတ်ကျရောဂါခံစားနေရခြင်းသည်လည်း သက်ကြီးသတိမေ့ရောဂါကို ပို၍ခံစားရနိုင်ပြီး Down Syndrome ရောဂါခံစားရသောသူများသည် သက်လတ်ပိုင်းများမှာပင် သတိမေ့ရောဂါများ ဖြစ်တတ်သည်။ ယခုအခါတွင် မော်တော်ယာဉ်များမှ ထွက်သောအခိုးအငွေ့များနှင့် သစ်တောလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းခြင်းသည် အာရုံကြောစနစ်များ ယိုယွင်းလာပြီး သတိမေ့ရောဂါခံစားရစေနိုင်ကြောင်းလည်း တွေ့ရှိရသည်။

အဝလွန်ခြင်းနှင့် သွေးတိုး၊ ဆီးချိုရောဂါရှိသူများ၊ သွေးတွင်းအဆီများသူများ၊ ဆေးလိပ်၊ အရက်သောက်သူများတွင် သွေးကြောနံရံများ ထူလာခြင်းကြောင့် သွေးကြောများပိတ်ဆို့ကာ နှလုံးရောဂါ၊ လေဖြတ်ရောဂါဖြစ်နိုင်သည့်အပြင် သက်ကြီးသတိမေ့ရောဂါများကို ခံစားရစေနိုင်သည်။ ကိုယ်ခံစွမ်းအားစနစ်ဖောက်ပြန်ခြင်း၊ ခန္ဓာကိုယ်တွင်းပိုးဝင်ရောင်ရမ်းခြင်း (ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ အဆုတ်ရောင်ခြင်း)၊ ကြာရှည်စွာအရက်အလွန်အကျွံ သောက်ခြင်းနှင့် လည်ပင်းတို၍ အိပ်နေစဉ် အသက်ရှူရပ်တတ်သောရောဂါ (Sleep Apnea) ကြောင့် ဦးနှောက်တွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ များလာခြင်းတို့ကြောင့် သတိမေ့လျော့ရောဂါဝေဒနာများ ခံစားရနိုင်သည်။

အသက်ရလာသည်နှင့်အမျှ အထွေထွေရောဂါများ ဝင်ရောက်လာခြင်းကြောင့် ဆေးမျိုးစုံ သောက်ရတတ်သည်။ အိပ်ဆေးများ၊ ဓာတ်မတည့်ယားယံမှုကုသသောဆေးများ၊ ဆီးထိန်းဆေးနှင့် တချို့သောဆေးများ၏ ဆိုးကျိုးအဖြစ် မေ့လျော့မှုကိုဖြစ်စေနိုင်သည်။ ဗီတာမင် B1၊ B6၊ B12၊ D ၊ Folic Acid နှင့် တခြားသော သက်စောင့်ဓာတ်များချို့တဲ့ခြင်း၊ သိုင်းရွိုက်ဂလင်းမှာ ဟော်မုန်းထွက်ရှိမှုနည်းလာခြင်း၊ သွေးတွင်းသကြားဓာတ်၊ ကယ်လ်စီယမ်ဓာတ်များ မညီမမျှဖြစ်ခြင်း၊ ရေသောက်နည်းခြင်းတို့သည် သတိမေ့လျော့ဝေဒနာကို ခံစားရစေနိုင်သည်။ ဦးနှောက်အမြွေးရောင်၊ ဦးနှောက်ထိခိုက်မိခြင်းနှင့် ဦးနှောက်အကျိတ်ရှိခြင်းတို့သည်လည်း သက်ကြီးသတိမေ့ရောဂါနှင့်လက္ခဏာတူ ခံစားရသည်။ ထိုကဲ့သို့သော အခြေအနေတွင် မူလဖြစ်စေသောအကြောင်းရင်းကို ကုသခြင်းဖြင့် မေ့လျော့ရောဂါဝေဒနာများမှ သက်သာနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

အထက်ဖော်ပြပါအချက်များ၌ တချို့သောရောဂါများမှာ ရှောင်လွှဲ၍မရသော်လည်း တချို့သော အကြောင်းရင်းများကို ကြိုတင်ပြုပြင်ခြင်းဖြင့် သက်ကြီးသတိမေ့ရောဂါမဖြစ်အောင် ထိုက်သင့်သလောက် ကာကွယ်နိုင်မည်ဖြစ်သည်။ ကျန်းမာသော နေထိုင်စားသောက်မှုပုံစံကို လိုက်နာကျင့်သုံးခြင်းဖြင့် နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့်လေဖြတ်ခြင်းကို ကာကွယ်နိုင်သည်သာမက သက်ကြီးသတိမေ့ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်။ အသီးအရွက်၊ အစေ့အဆန်နှင့် ငါးများများစားခြင်း၊ အဆီ၊ အငန်၊ အချိုများသောအစာများ လျှော့စားခြင်းသည် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကို အထောက်အကူပြုသည်သာမက သက်ကြီးသတိမေ့ရောဂါ ဖြစ်နိုင်မှုကို လျှော့ချပေးနိုင်ကြောင်း တွေ့ရသည်။

ထို့ပြင် ကိုယ်ရောစိတ်ပါ တက်ကြွစွာနေထိုင်ရန် လိုအပ်သည်။ ပုံမှန်ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ တိုက်ချီကစားခြင်း၊ တစ်ရက် နာရီဝက် တစ်ပတ်ငါးရက် လမ်းလျှောက်ခြင်းတို့သည် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုသည်။ စာဖတ်ခြင်း၊ ပန်းချီဆွဲခြင်း၊ ဝါသနာပါရာပညာရပ်တစ်ခု လေ့ကျင့်သင်ကြားနေခြင်း၊ တူရိယာပစ္စည်းများ တီးမှုတ်တတ်ရန် သင်ယူခြင်း၊ ဉာဏ်စမ်းပဟေဠိများ၊ ဂိမ်းကစားခြင်းများသည် ရောဂါဖြစ်ခြင်းကို ကာကွယ်နိုင်သည်။ တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်းနှင့် စိတ်ဓာတ်ခိုင်မာမှုဖြစ်စေသော Mindfulness ကျင့်စဉ်များဆောင်ရွက်ခြင်းသည် ဦးနှောက်စွမ်းရည်ကို ဆက်လက်ထက်မြက်စေနိုင်သည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် စုပေါင်းကခုန်ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မိတ်ဆွေအချင်းချင်း ဆက်သွယ်ပြောဆိုသွားလာခြင်း၊ အဖွဲ့အစည်းအလိုက် လူမှုရေး၊ ဘာသာရေးလုပ်ငန်းများဆောင်ရွက်ခြင်းသည် သက်ကြီးသတိမေ့ရောဂါဖြစ်ပွားခြင်းကို လျှော့ချပေးနိုင်ကြောင်း တွေ့ရသည်။

သာယာနာပျော်ဖွယ်တေးသီချင်းများ၊ တီးလုံးသံများနားထောင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များနှင့် လက်ပွန်းတတီးနေခြင်းသည် ဦးနှောက်စွမ်းအင်ယိုယွင်းမှုကို နှေးစေနိုင်သည်။ အရက်၊ ဆေးလိပ် ဖြတ်သင့်သကဲ့သို့ သက်စောင့်ဓာတ် ဗီတာမင်များနှင့် ငါးကြီးဆီစားခြင်း၊ ရေလုံလောက်စွာသောက်ခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်စေမည့် နည်းလမ်းများ လိုက်နာကျင့်သုံးကာ အိပ်ချိန်အပြည့်အိပ်စက်ခြင်းတို့သည် သတိမေ့ရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

မျက်စိနှင့် နားကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်သင့်ပြီး အတွင်းတိမ်ကဲ့သို့သော ကုသ၍ရသောရောဂါများကုသခြင်း၊ နားကြားကိရိယာတပ်ခြင်းဖြင့် သက်ကြီးသတိမေ့ရောဂါ ခံစားရခြင်းမှ သက်သာနိုင်သည်။ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ ကြိုတင်စစ်ဆေးကုသမှုခံယူထားသင့်သကဲ့သို့ ကာကွယ်ဆေးများလည်း ထိုးနှံထားသင့်သည်။ လူငယ်များအနေဖြင့်လည်း စိတ်ကြွဆေးများသောက်သုံးခြင်းကို ရှောင်ကြဉ်ရန်လိုအပ်ပြီး ကော်ဖီအလွန်အကျွံသောက်ခြင်းကိုလည်း လျှော့ချသင့်သည်။

**ဖေးမကူညီဆောင်ရွက်နိုင်မည့် နည်းလမ်းများ**

သက်ကြီးသတိမေ့ရောဂါသည် ပုံမှန်အားဖြင့် ဦးနှောက်တွင်းရှိ အာရုံကြောစနစ်များ တဖြည်းဖြည်းယိုယွင်းပျက်စီးလာ၍ ဖြစ်ရသောကြောင့် ပျောက်ကင်းအောင် ကုသနိုင်ခြင်းမရှိသော်လည်း လက်ရှိတွင် ဦးနှောက်တွင်းရှိ အာရုံကြောကွန်ရက်ဆက်သွယ်မှုကို ကောင်းစေသည့်ဆေးဝါးများပေး၍ ရောဂါနှေးအောင် ကုသသည့်အပြင် ပုံမှန်မဟုတ်သော ပရိုတင်းများ၊ အမျှင်များ စုပုံလာမှုမဖြစ်ရန် ဦးတည်ပြုပြင်သည့်ဆေးဝါးများနှင့်လည်း ကုသလျက်ရှိသည်။ စိတ်ပိုင်းဆိုင်ရာဝေဒနာများ သက်သာအောင် စိတ်ငြိမ်ဆေး၊ စိတ်ဓာတ်တက်ကြွဆေး၊ စိတ်ရောဂါကုသဆေးများပေး၍ ကုသကြသည်။

ထို့ပြင် ဗီတာမင် သက်စောင့်ဓာတ်များ၊ ငါးကြီးဆီနှင့် အာရုံကြောအားဆေးများ၊ အာဟာရဖြည့်စွက်မှုများ ပြုလုပ်ပေးကြပြီး တွဲဖက်ရှိနေတတ်သော သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးတွင်းအဆီများခြင်းတို့ကိုလည်း စနစ်တကျကုသထားရပါသည်။ ခန္ဓာကိုယ်နှင့်ဦးနှောက်ဆိုင်ရာရောဂါများကြောင့်ဖြစ်ရသော မေ့လျော့ဝေဒနာများအတွက် သက်ဆိုင်ရာအကြောင်းရင်းကို ကုသခြင်းဖြင့် ဝေဒနာများ ပြန်လည်ကောင်းမွန်နိုင်မည်ဖြစ်သည်။

ဆေးဝါးများပေး၍ ကုသမှုအပြင် တေးဂီတများနားထောင်စေခြင်း၊ အိမ်မွေးတိရစ္ဆာန်များနှင့် ထိတွေ့စေခြင်း၊ မွှေးသည့်ရနံ့များ၊ လှပသောပန်းလေးများ ဖန်တီးထားရှိခြင်း၊ ညင်သာစွာနှိပ်နယ်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်စေခြင်းသည် စိတ်အေးချမ်းမှုကိုရစေပြီး စိတ်ပိုင်းဆိုင်ရာဝေဒနာများ သက်သာစေသည်။ လူနာနှင့်ဆက်ဆံရာတွင် အပြောအဆိုညင်သာရန်၊ ငြင်းခုန်မှုမပြုရန်လိုအပ်ပြီး စိတ်ပျက်၊ စိတ်အလိုမကျဖြစ်စေသည့်အကြောင်းအရာ၊ အခြေအနေများမှ ဖယ်ရှားထားရန်လည်း လိုအပ်သည်။ ဆီးချုပ်၊ ဝမ်းချုပ်ခြင်း၊ နာကျင်မှုခံစားနေရခြင်းသည် စိတ်အလိုမကျ ဒေါသဖြစ်စေနိုင်သဖြင့် သေချာကြည့်ရှုပြီး သက်သာအောင်လုပ်ပေးရန် လိုသည်။ အုပ်စုလိုက် အားကစားဆောင်ရွက်ပေးခြင်းနှင့် ဦးနှောက်စွမ်းရည်မြင့်ကစားခြင်းများကို လိုက်ပါလုပ်ဆောင်စေခြင်း၊ တရားထိုင်၊ တရားနာခြင်းနှင့် Mindfulness စိတ်တည်ငြိမ်စေမည့် လေ့ကျင့်ခန်းများ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဝေဒနာခံစားရမှုများမှ သက်သာစေနိုင်သည်။

သွားလာလှုပ်ရှားရာတွင် အန္တရာယ်မဖြစ်စေရန် သင့်လျော်သောအကာအရံများ ပြုလုပ်ပေးရမည်ဖြစ်သကဲ့သို့ ရုတ်တရက် ထွက်သွားပြီး လမ်းပျောက်နိုင်သဖြင့် လိပ်စာကတ်၊ ဖုန်းနံပါတ်များ အိတ်ကပ်အတွင်း ထည့်ပေးထားသင့်သည်။ သက်ဆိုင်ရာမိသားစုဝင်များမှလည်း ဝိုင်းဝန်းပြုစုစောင့်ရှောက်ပေးရန် လိုအပ်သောကြောင့် မိသားစုဝင်များ၊ သူနာပြုများကိုလည်း ပြုစုစောင့်ရှောက်ရေးဆိုင်ရာနည်းလမ်းများ သင်ကြားပေးထားရန် လိုအပ်ပါသည်။ သက်ကြီးသတိမေ့လူနာများသည် မကြာခဏစိတ်ဖောက်ပြန်ခြင်း၊ ရန်လိုခြင်းကြောင့် မိသားစုဝင်များအနေဖြင့် စိတ်ထိခိုက်ရသကဲ့သို့ ကြာရှည်စွာ ပြုစုရသဖြင့် အလုပ်ပျက်၊ လူပန်းစိတ်ပန်းဖြစ်ကာ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ တွေ့ကြုံကြရသည်။

နိုင်ငံတော်နှင့် လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များအနေဖြင့် သက်ကြီးရွယ်အိုများနှင့် သတိမေ့ဝေဒနာခံစားနေရသူများအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်မည့် ဂေဟာများ၊ ရိပ်သာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ပါက မိသားစုအတွင်း ဝန်ထုပ်ဝန်ပိုးများလျှော့ချနိုင်ပြီး ထိရောက်သော ပြုစုမှုရရှိနိုင်မည်ဖြစ်သည်။ ထိုဂေဟာများတွင် ဆရာဝန်၊ သူနာပြုများ၊ ပြန်လည်သန်စွမ်းရေးကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များပါ ဝိုင်းဝန်းစောင့်ရှောက်ကုသပေးရန် လိုအပ်သည်။ သို့မှသာ ရောဂါဝေဒနာခံစားနေရသူများသည် ဘဝနေဝင်ချိန်ကို ညင်သာတန်ဖိုးရှိစွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာဥမ္မာစော

# တောင်ငူခရိုင်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှု



တောင်ငူ ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးအကွက်ကျယ် စံပြစိုက်ခင်း ဧက ၃၀၀ တွင် ပေါင်းလိုက်၊ တမန်းနှိုး၊ မြေသြဇာကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး မိုးစပါးစိုက်တောင်သူများထံ သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ဧက ၉၅၀ အား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် သက်တမ်းတူ၊ မျိုးတူ ပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား သွင်းအားစုများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြောက်ဘက် မြို့ရိုးပြန်လည်တူးဖော်ထားမှု၊ မော်ကွန်းတံခါးပြန်လည်ဖော်ထုတ်မှုနှင့်ကျုံးကူး တံတားတည်ဆောက်မည့်နေရာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အတွင်းရှိ ရှေးဟောင်းပုတ်တလုတ်ရေကန် ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနေမှု၊ ကန်ပတ်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပုတ်တလုတ်ကန်နှင့်သက်ဆိုင်သည့် အုတ်စီ/အုတ်ရိုး ရှာဖွေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းလုပ်ငန်းအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

## VRFP စီမံကိန်း ရန်ပုံငွေများထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) မတည်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးရိုင်းကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၇ ဦးအား ကျေးရွာမတည်ရန်ပုံငွေကျပ် ၂၉၂ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

## ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

ကဝ ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း(ကဝ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်အဲကလေးက လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများအကြောင်းကိုလည်းကောင်း၊ သွားနှင့်ခံတွင်း ဆရာဝန်ဒေါက်တာ ဇော်ရဲထက်က သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခြင်းတို့ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်အဲကလေး၊ သွားနှင့်ခံတွင်းဆရာဝန်ဒေါက်တာဇော်ရဲထက်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက အာဟာရကျွေးမွေးခြင်းနှင့် အာဟာရပြခန်းတို့အား ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

အောင်ဖြိုးလင်း(၄၁၀)

### မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၀:၀၀ | မွေးမြူသုတ |
| ၅။ | ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၈။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၁၁။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၄။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၂၂)** |

### MWD Variety Channel

၂၅-၈-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၅၅ | Countries of the World |
| ၂။ | ၁၁:၄၅ | သောတဆင်စရာတေးမြန်မာ |
| ၃။ | ၁၂:၃၀ | ပေး၍မကုန်ပေမွန်မြတ်လှတဲ့ ပညာအမွေ |
| ၄။ | ၁၆:၄၅ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |

## ပညာထူးချွန် ဆုမြတ်အမွန်

❖ ပညာတံခွန်၊ ထူးချွန်စေလတ်
စွဲမှတ်သင်ယူ၊ ထိုသူဂုဏ်မောက်
လျှမ်းတောက်ဝေလွင်၊ နယ်တစ်ခွင်
ပေါ်ထင် တရေးရေး။

❖ ဆရာမြတ်ထံ၊ သင်အံမချွတ်
တတွတ်တွတ်ဆို၊ နှုတ်ချိုပြေပြစ်
ရင်နှစ်ထွက်လာ၊ စကားမှာ
ချိုသာ တအေးအေး။

❖ မာန်ကိုလည်းနှိမ်၊ တစ်ကြိမ်ခွင့်ကောင်း
မနှောင်းအမီ၊ သင့်ဆီယူမှ
လောကအလယ်၊ ဝင့်ဝင့်ကြွယ်
ပန်းနှယ် တမွှေးမွှေး။

❖ လူ့ပတ်ဝန်းကျင်၊ တွေ့မြင်ဓမ္မ
အတ္တကိုရှောင်၊ အမှောင်ကင်းရှင်း
ဖြိုခွင်းလမ်းညွှန်၊ ပညာမွန်
မိုးစွန် တဖွေးဖွေး။

❖ ဆည်းအပ်စရာ၊ နည်းနာညွှန်ပြ
လမ်းပြသွန်သင်၊ မြော်မြင်ကဝိ
သတိမကွာ၊ ပွဲပြင်ကာ
ပညာ တတွေးတွေး။

❖ လောကုတ်လောကီ၊ နှစ်လီအကျင့်
စိတ်ဖြင့်မှတ်လေ၊ မိတ်ဆွေဉာဏ
ပါပခွာလျှင်၊ နိဗ္ဗာန်မြင်
ဉာဏ်လျင် ဘယ်မဝေး။

❖ ငယ်စဉ်ကျောင်းတော်၊ သင်ပျော်ပါမှ
ကြီးကဥစ္စာ၊ သေချာရမြဲ
မလွဲကျင့်ဆောင်၊ ဤလူ့ဘောင်
အောင်သံ တကြွေးကြွေး။

❖ ကြိုးစားတိုင်းအောင်၊ ရှေ့ဆောင်ယောက်ျား
ထိပ်ဖျားတံခွန်၊ အမွန်အမြတ်
ဆည်းကပ်မိတ်ဆွေ၊ ပေါ်လှပေ
စမ်းရေ နှယ်သို့အေး။ ။

**အလင်္ကာ(ပွင့်ဖြူ)**

# တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၄

ကျောင်းသား၊ ကျောင်းသူများကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်အတွက် နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းများကို ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့နှင့်အတူ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သင်ကြားသင်ယူမှုနှင့်ပတ်သက်၍ လာမည့်နှစ်များတွင် ကျောင်းများ၌ ဘာသာစုံဂုဏ်ထူးထွက်သည့် ကျောင်းသား၊ ကျောင်းသူများ အချိုးညီမျှစွာ မွေးထုတ်ပေးနိုင်ရေး ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအားလုံး ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အရည်အသွေးရှိပြီး ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို စဉ်းစားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းကျဆင်းနေမှုကို ဖြေရှင်းနိုင်ရေးအတွက် ပညာရေးမှူးများအနေဖြင့် ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ အဖြေရှာပြီး ပြန်လည်တင်ပြစေလိုကြောင်း။

ကျောင်းပြောင်း TC လက်မှတ်များ ထုတ်ပေးရာတွင် ကျောင်းအုပ်ကြီးများကို ကြီးကြပ်ရမည်ဖြစ်ကြောင်း၊ ပြောင်းရွှေ့ခွင့် ဆောင်ရွက်ရာတွင် တူညီသည့်မူများကို တစ်သမတ်တည်းချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်သင့်ပါက ပြင်ဆင်ရမည်ဖြစ်ရာ အခြေခံပညာနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို လိုအပ်သလိုပြင်ဆင်ရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့် အသစ်ဖွင့်လှစ်ရန် မှတ်ပုံတင်လျှောက်ထားလာပါက သတ်မှတ်ထားသောစံနှုန်းများဖြင့် တိကျစွာတိုင်းတာစစ်ဆေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စည်းကမ်းရှိမှု၊ မူးယစ်ဆေးဝါး ကင်းရှင်းမှု၊ ဝတ်စားဆင်ယင်မှုနှင့် ဆရာ၊ ဆရာမများကို ရိုသေလေးစားတန်ဖိုးထားမှုများကို အလေးထားလိုက်နာရန် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက အဓိကကြီးကြပ်စေလိုကြောင်း၊ အစိုးရကျောင်းများကဲ့သို့ ပုဂ္ဂလိကကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများကို ဖိဖိစီးစီးစာသင်ကြားရုံသာမက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်အတွက် နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းများကို လိုက်နာဆောင်ရွက်ကြရန် မြို့နယ်ပညာရေးမှူးများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ကျောင်းသား၊ ကျောင်းသူများအား မှန်ကန်သည့် စိတ်ဓာတ်ကောင်းများရှိလာစေရေး၊ ခိုက်ရန်ဖြစ်ပွားခြင်းမရှိစေရေးအတွက် အထူးအလေးထား ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များတွင် အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက်တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများက လက်ရှိလုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ငလျင်ကာလအလွန် နည်းပညာဆိုင်ရာကူညီဆောင်ရွက်ပေးခဲ့သော ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်





နေပြည်တော် ဩဂုတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ငလျင်ကာလအလွန် အဆောက်အအုံများစစ်ဆေးရာတွင် နည်းပညာဆိုင်ရာကူညီဆောင်ရွက်ပေးခဲ့သော ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဗဟိုသင်တန်းကျောင်းကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုသင်တန်းကျောင်းရှိ စာသင်ခန်းမများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်တန်းသား၊ သင်တန်းသူများအတွက် သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးတို့အတွက် ဆောင်ရွက်ထားရှိမှု၊ သင်တန်းကျောင်းတွင်ထားရှိသည့် စာကြည့်တိုက်အတွင်းရှိ အင်ဂျင်နီယာဘာသာရပ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာစာအုပ်များ ခင်းကျင်းထားရှိမှု၊ Library Management System နှင့် e-Book Management System များအသုံးပြု၍ စာအုပ်စာတမ်းများ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းထားသိုခြင်းနှင့် ငှားရမ်းမှုဆိုင်ရာစီမံခန့်ခွဲခြင်း၊ e-Book များအား လွယ်ကူစွာဖတ်ရှုနိုင်ရန် စီမံထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့သောပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဗဟိုသင်တန်းကျောင်း၏ ခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားယူခဲ့သော ဌာနတာဝန်ရှိသူများနှင့် ပညာရှင်များ၊ ငလျင်ကာလအလွန် နည်းပညာဆိုင်ရာကူညီဆောင်ရွက်ပေးခဲ့သော ပြင်ပပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကျွမ်းကျင်အင်ဂျင်နီယာများသည် မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးခဲ့ရသော နိုင်ငံတော်ပိုင်ရုံးများနှင့် အထူးအဆောက်အအုံများ၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို ကနဦးစစ်ဆေး၍ ဘေးအန္တရာယ်ကင်းရှင်းမှုအဆင့်သတ်မှတ်ခြင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည်များကို ပြုပြင်ဆောင်ရွက်မည့်လုပ်ထုံးလုပ်နည်း SOP များ ရေးဆွဲထုတ်ပြန်ခြင်း၊ သာသနိကအဆောက်အအုံများပြုပြင်ခြင်းအတွက် SOP များရေးဆွဲထုတ်ပြန်ခြင်း၊ ပြုပြင်ရမည့်နည်းလမ်းများကို Knowledge Sharing များ ပြုလုပ်ပေးခဲ့သည့်အပြင် ငလျင်လှုပ်ခတ်ခဲ့သည့် Fault လိုင်းနှင့် Rupture လိုင်းများ လေ့လာပြီး Hazard Zone Map နှင့် Damage Assessment များရေးဆွဲထုတ်ပြန်ခြင်းနှင့် ငလျင်ဒဏ်ခံအဆောက်အအုံဒီဇိုင်းများ ရေးဆွဲခြင်းများတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက် အချိန်တိုအတွင်း အကျိုးရှိထိရောက်ခဲ့သည်ဖြစ်၍ နိုင်ငံတော်အစိုးရမှအသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်ကြောင်း။

ထို့ပြင် အဆိုပါပညာရှင်များသည် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ ၂၀၂၅ (MNBC-2025) ရေးဆွဲထုတ်ပြန်ရာတွင် အဓိကပါဝင်ဆွေးနွေးပြုစုပေးခဲ့သူများလည်းဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိကြောင်း၊ နောင်အနာဂတ်ကာလများတွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဂုဏ်ပြုချီးမြှင့်သော ငလျင်ကာလအလွန် နည်းပညာဆိုင်ရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ပညာရှင်များအတွက် ဂုဏ်ပြုလက်ဆောင်များကို ကော်မတီကိုယ်စား ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်း ဂုဏ်ပြုချီးမြှင့်ပေးအပ်ပြီး ပညာရှင်များကိုယ်စား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလား ပြည်နယ်ကမ်းခြေ)တို့တွင် ဩဂုတ်လ ၂၆ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ် နိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၂°C |
| ရန်ကုန် | ၂၅°C | / | ၃၀°C |
| မန္တလေး | ၂၅°C | / | ၃၅°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရေကြီးရေလျှံ ရေကန်ဖြင့်ထိန်း

ကျော်ဦး

များမကြာလှသောအချိန်အထိ ကမ္ဘာတွင်ကျေးလက်လူဦးရေက မြို့နေလူဦးရေထက်များနေသေးသော်လည်း ယခုအခါ မြို့နေလူဦးရေသည် ကျေးလက်လူဦးရေထက် ကျော်လွန်သွားပြီဖြစ်သည်။ တသဲသဲဝင်လာနေသောလူတို့အတွက် နိုင်ငံအတော်များများတွင် မြို့ပြအကွက်အကွင်းများကို လျင်မြန်လှသောအရှိန်အဟုန်ဖြင့် ချဲ့ထွင်နေကြရသည်။ အသစ်အသစ်သောအဆောက်အအုံများသာမက မြို့ပြအင်္ဂါရပ်များဖြစ်ကြသည့် ကွန်ကရစ်နှင့် ကတ္တရာပြင်များ၊ လမ်းများသည်လည်း နေ့ချင်းညချင်း ဟိုမှသည်မှပေါ်ထွက်လာနေသည်။

ကွန်ကရစ်နှင့် ကတ္တရာပြင်များ၊ လမ်းများကြောင့် သွားလာပို့ဆောင်ရေးတွင် အကျိုးရှိသည်မှာမှန်သော်လည်း မိုးရေများ မြေအောက်စီးဝင်နေမှုကို ပိတ်ဆို့လိုက်သည့် ဘေးထွက်ဆိုးကျိုးက ရှိနေသည်။ မြေကြီးထဲစိမ့်ဝင်၍ မရသောအခါ မိုးရေများသည် မျက်နှာပြင်ပေါ်မှတစ်ဆင့် မြောင်းများ၊ ချောင်းများထဲ စီးဆင်းကြသည်။ မြောင်းများ၊ ချောင်းများက ယခင်ကထက် ထုထည်များပြားသောမိုးရေများကို နုတ်သိမ်း၍ မနိုင်သောအခါ လျှံတက်လာသဖြင့် ကမ္ဘာ့မြို့ကြီးအများအပြားတွင် ဖြေရှင်းရမလွယ်သော ပြဿနာတစ်ခုဖြစ်လာသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ နှစ်စဉ်ကြုံတွေ့နေရသော ရေကြီး၊ ရေလျှံမှုများကို ဖြေရှင်းရန်စဉ်းစားသောအခါ ရှိပြီးရေမြောင်းနှင့်ရေထုတ်စနစ်များကို ချဲ့ထွင်ခြင်းသည် ကုန်ကျစရိတ်များသည့်အပြင် နေရာအခက်အခဲလည်းရှိသဖြင့် ပညာရှင်တို့သည် မိုးရေတို့ကို မြောင်းထဲသို့ တိုက်ရိုက်မဝင်စေဘဲ ရွာကျလာသည့်နေရာတွင်ပင် ယာယီထိန်းသိမ်းသိုလှောင်ထားပြီး မိုးတိတ်သောအခါမှ ဖြည်းဖြည်းချင်းပြန်ထုတ်၍ ရေကြီးမှုကိုလျော့ပါးစေရန် စီစဉ်ခဲ့သည်။ သိုလှောင်ထားသော မိုးရေများကို အဆင့်ဆင့်သန့်စင်ပြီး သောက်ရေအဖြစ်သုံးနိုင်လျှင် သုံးရန် သို့မဟုတ် သာမန်ရေစစ်နည်းဖြင့် စစ်ထုတ်ပြီး အိမ်သာနှင့်လမ်းများကို သန့်ရှင်းဆေးကြောခြင်း၊ ပန်းပင်ရေလောင်းခြင်း စသည့်ကိစ္စများတွင်သုံးရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ရေကြီးမှုအန္တရာယ်ကို သိသာစွာလျော့ချနိုင်ရုံတင်မက ရေအရင်းအမြစ်ကိုလည်း ချွေတာရန် ရည်ရွယ်သည်။

## ဥပဒေလည်းထုတ်၊ ပညာလည်းပေး


ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ဆိုးလ်မြို့တော်၌ အသစ်ဆောက်လုပ်မည့် အဆောက်အအုံများတွင် မိုးရေလှောင်ကန်များကိုထည့်သွင်းတည်ဆောက်ရန် ၂၀၀၄ ခုနှစ်က ဥပဒေထုတ်ပြန်သည်။ ဥပဒေထုတ်သည့်အပြင် ယင်းသို့ မိုးရေလှောင်ကန်များထားရှိခြင်းဖြင့် ရနိုင်သောအကျိုးများကို အခြေခံပညာကျောင်းများမှစကာ အဆောက်အအုံပိုင်ရှင်များအထိ ပညာပေးသဘောပေါက်စေသည်။ ကျောင်းအချို့တွင် မိုးရေလှောင်ကန်များတည်ဆောက်ပြီး ယင်းမှရသောအကျိုးကျေးဇူးများကို ကျောင်းသားလူငယ်တို့ကို လက်တွေ့သိရှိစေသည်။ အချို့မြို့ကြီးများတွင် "မိုးရေပြတိုက်"များဖွင့်လှစ်ခြင်း၊ မိုးရေ၏အရေးပါပုံကို အသံလွှင့်ဟောပြောခြင်း စသည်တို့ကိုဆောင်ရွက်သည်။

အဆောက်အအုံများတွင် မိုးရေလှောင်ကန်များ ထည့်သွင်းတည်ဆောက်လျှင် နေရာပိုယူ၊ စရိတ်ပိုကုန်သဖြင့် မြေပိုင်ရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက မနှစ်မြို့ကြပေ။ ဤသည်ကို တောင်ကိုရီးယားအစိုးရကမက်လုံးပေး၍ သိမ်းသွင်းသည်။ ဆိုးလ်မြို့တော်တွင် နေရာကိုလိုက်၍ မြေကွက်ဧရိယာမည်မျှတွင် အဆောက်အအုံဧရိယာမည်မျှသာ ဆောက်ရမည်ဟု ကန့်သတ်ထားသည်။ ဤသည်ကို အစိုးရက လျှော့ပေါ့ပေးကာ ဆောက်လုပ်နိုင်သောဧရိယာကို တိုးမြှင့်ခွင့်ပြုပေးလိုက်ရာ ယင်းအချက်သည်မိုးရေလှောင်ကန်များကို ထည့်သွင်းဆောက်လုပ်ရန် ကောင်းစွာဆွဲဆောင်နိုင်သောအကြောင်းတစ်ခုဖြစ်သွားသည်။



လမ်းဘေးရေထိန်းကန်များထားရှိခြင်းဖြင့် ရေကြီးမှုကိုလျော့နည်းစေနိုင်သည်။

လူအများလက်ခံလာအောင် ပညာပေးစည်းရုံးမှု၊ သင့်လျော်သလို မက်လုံးပေးမှုများကြောင့် အသစ်ပေါ်ထွက်လာသော အဆောက်အအုံများတွင် မိုးရေလှောင်စနစ်များကို ထည့်သွင်းလာကြရာ တစ်ခုမှာ "ကြယ်တာရာမြို့တော်" အိမ်ရာစခန်းဖြစ်သည်။ ကုန်ပဒေသာတိုက်ကြီးတစ်ခု၊ အထပ်မြင့် လူနေကွန်ဒိုလေးလုံးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော ယင်းအိမ်ရာစခန်းကို ၁၂ ဧကမြေပေါ်တွင် ၂၀၀၇ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ လူနေခန်း ၁၃၀၀ ကျော်ပါရှိပြီး လူ ၆၀၀၀ ကျော် နေထိုင်သည်။




ကြယ်တာရာမြို့တော်၏မိုးရေစနစ်

## ကန်သုံးကန်

ကြယ်တာရာမြို့တော်အိမ်ရာစခန်းအတွက်ရေကို ဗဟိုရေပေးရေးစနစ်မှ ရေအပြင် စခန်းမြေပြင်နှင့်အဆောက်အအုံများပေါ် ရွာကျလာသော မိုးရေများကို ဖမ်းယူသိုလှောင်အသုံးပြုသည်။ စခန်း၌ အေ၊ ဘီ၊ စီ၊ ဒီ ဟူ၍ ကွန်ဒိုလေးလုံးရှိရာ ကွန်ဒို "ဘီ"၏ စတုတ္ထမြေအောက်ထပ်တွင် ရေလှောင်ကန်သုံးလုံးကို ထည့်သွင်းတည်ဆောက်ထားသည်။ ကန်တစ်ကန်လျှင် ဂါလန် ၂၂၀၀၀ နှုန်းဖြင့် စုစုပေါင်း ရေဂါလန် ၆၆၀၀၀ ကို သိုလှောင်ထားနိုင်သည်။

ကန်သုံးကန်အနက် ပထမကန်ကို မိုးများလာသည့်အခါ လမ်းပေါ်ရေမလွှမ်းစေရန် ထိန်းညှိဖို့ ရည်ရွယ်တည်ဆောက်သည်။ မိုးရာသီ၌ ယင်းကန်ကို ပုံမှန်အခြေအနေတွင် ရေရှိမနေစေဘဲ အလွတ်ထားပြီး မိုးရွာသောအခါ လမ်းပေါ်မှမိုးရေများ စီးဝင်စေခြင်းဖြင့် ရေမလျှံအောင်ထိန်းပေးသည်။ ကန်ထဲတွင် ပြည့်လာသည့်အခါ မြောင်းထဲစီးစေသည်။ မိုးတိတ်သည့်အခါ ပထမကန်ထဲမှရေများဖြင့် အိမ်ရာဝင်းအတွင်း သစ်ပင်ပန်းပင်များကို ရေလောင်းခြင်း၊ လမ်းရေဖျန်းခြင်းတို့ကို လုပ်ဆောင်သည်။ ဖျန်းပြီးလောင်းပြီးသောရေများကို အနည်များစစ်ထုတ်ပြီး ကန်ထဲပြန်ဝင်စေ၍ ပြန်အသုံးချသည်။

အဆောက်အအုံအမိုးများပေါ်မှ စီးကျလာသောရေကို ဒုတိယကန်ထဲထည့်သည်။ ဒုတိယကန်ထဲမှရေကို အများသုံးအိမ်သာ၊ သစ်ပင်ပန်းပင်ရေလောင်းရန်တို့အတွက် အသုံးပြုသည်။ ဒုတိယကန်၏ရေဝင်ပေါက်၌ ရေစစ်တပ်ဆင်ထားပြီး ကန်တွင်းရှိရေကို နောက်ကျိမှုယူနစ် ၁ ဒသမ ၅ ထက်မပိုစေရန် ထိန်းထားသည့်အပြင် အနည်ထိုင်မှုကိုဖြစ်စေသည့် ရေတားများကို လုပ်ထားသည်။

တတိယကန်ကိုလည်း ဒုတိယကန်အတိုင်းပင် တည်ဆောက်ထားသည်။ ယင်းကန်ရေကို မီးသတ်ရန် စသည့်အရေးပေါ်ကိစ္စများအတွက်သာသုံးရန်လျာထားသဖြင့် ပုံမှန်အချိန်တွင် ရေပြည့်နေသည်။ ရေပြည့်နေသော်လည်း ရေသေဖြစ်မသွားစေရန် သတ်မှတ်အချိန်ရောက်သောအခါ ရေကိုအခြားကန်ထဲပို့၍ အချိန်မှန်ထုတ်သုံးပြီး ချက်ချင်းပြန်ဖြည့်သည်။



ဘင်ထမ်ပလိန်းရေရင်ပြင်

ကြယ်တာရာမြို့တော် မိုးရေပေးစနစ်တည်ဆောက်စရိတ်သည် မြေကြီးတူးခြင်း၊ ရေလှောင်ကန်ဆောက်ခြင်း၊ ပိုက်များတပ်ဆင်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀၊ လျှပ်စစ်နှင့်စက်မှုဆိုင်ရာလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၅၀၀၀၀ ကုန်ကျသည်။ ယင်းအိမ်ရာစခန်းရှိ တိုက်ခန်းတစ်ခန်း၏ ဈေးနှင့်ညီမျှသည်။

## ရှစ်နှစ်အတွင်းအရင်းကျေ

ကြယ်တာရာမြို့တော်သည် တစ်နှစ်လျှင် မိုးရေပမာဏဂါလန် ၉၀၀၀၀၀ ခန့်ကို စုဆောင်းသိုလှောင်အသုံးပြုသည်။ တစ်နည်းဆိုရလျှင် ဗဟိုရေပေးရေးစနစ်မှ ယင်းပမာဏရှိသောရေကို ဝယ်မသုံးဘဲ ချွေတာနိုင်ခြင်းဖြစ်သည်။ ကြယ်တာရာမြို့တော်သည် ရေဖိုးတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၈၀၀၀ မျှသက်သာသည်။ သက်သာသောငွေကို မိုးရေသုံးစနစ်တည်ဆောက်စရိတ်၊ ထိန်းသိမ်းပြုပြင်လည်ပတ်သည့်စရိတ်များနှင့်တွက်ချက်ပါက စတင်အသုံးပြုပြီး ရှစ်နှစ်အတွင်း အရင်းပြန်ရသည်ဟုဆိုသည်။

ရေဖိုးသက်သာရုံမျှမဟုတ်၊ မိုးရေလှောင်ကန်များက သည်းထန်စွာရွာသော မိုးရေကိုလည်း လမ်းပေါ်လျှံထွက်မသွားအောင် ထိန်းပေးထားနိုင်သဖြင့် အိမ်ရာစခန်းမှထွက်လာသော မိုးရေအတွက် ရေထုတ်မြောင်းများကို တိုးချဲ့ဆောက်လုပ်ရန်မလိုတော့ပေ။ ထို့ပြင် ဗဟိုရေပေးရေးစနစ်မှရေကိုချွေတာနိုင်သည့်အတွက် ယင်းရေကို စခန်းတွင်းဖြန့်ဖြူးသယ်ပို့ရန်လိုအပ်သော တစ်နှစ်လျှင် လျှပ်စစ်ဓာတ်ကီလိုဝပ်နာရီ ၁၀၀၀၀ ကိုလည်း ချွေတာလိုက်နိုင်သည်။ စာမျက်နှာ ၁၂ သို့ ●

● စာမျက်နှာ ၁၁ မှအဆက်

**မိုးရေသုံးမှုအချိုး**

အဆောက်အအုံတစ်ခု၊ ဒေသတစ်ခု၏ မိုးရေအသုံးချမှုကို မိုးရေအသုံးချမှုအချိုးဖြင့် တိုင်းတာသည်။ မိုးရေအသုံးချမှုအချိုးဆိုသည်မှာ နေရာတစ်ခုပေါ်ရွာကျလာသော မိုးရေပမာဏနှင့် ယင်းမိုးရေကိုသောက်သုံးရန် အသုံးချနိုင်သောပမာဏ၏အချိုးကိုခေါ်သည်။ ကြယ်တာရာမြို့တော်၏ မိုးရေအသုံးချမှုအချိုးသည် ၆၇ ရာခိုင်နှုန်းရှိသည်။ ယင်းအိမ်ရာစခန်းမြေပြင်ပေါ်ရွာကျလာသော မိုးရေစုစုပေါင်း၏ ၆၇ ရာခိုင်နှုန်းကို သုံးစွဲနိုင်သည့်သဘောဖြစ်သည်။ တောင်ကိုရီးယားတစ်နိုင်ငံလုံး၏ မိုးရေအသုံးချနှုန်းသည် ၂၆ ရာခိုင်နှုန်းဖြစ်ရာ ကြယ်တာရာမြို့တော်၏ မိုးရေအသုံးချနိုင်မှုသည် တောင်ကိုရီးယားနိုင်ငံပျမ်းမျှထက် များစွာမြင့်မားသည်။

ကြယ်တာရာမြို့တော် မိုးရေအသုံးချရေးအောင်မြင်မှုသည် အခြားသောနေရာများတွင်မိုးရေလှောင်ကန်များကိုထည့်သွင်းဆောက်လုပ်ကြဖို့ တွန်းအားတစ်ရပ်ဖြစ်သွားသည်။ အင်ချွန်း၊ ကွမ်ဂျူး၊ ဒေဂူးစသည့်မြို့များအပါအဝင် မြို့ပေါင်း ၆၀ ခန့်တွင် မိုးရေသုံးစနစ်များကို ထည့်သွင်းတည်ဆောက်လာကြသည်။

မိုးရေကို တိုက်ရိုက်ခံယူအသုံးချခြင်းသည် ကျေးလက်တောရွာ မြို့စွန်ဒေသများအတွက်သာမဟုတ် ခေတ်မီအိမ်ရာစခန်းများတွင်လည်း အောင်မြင်အကျိုးရှိစွာအသုံးပြုနိုင်ကြောင်း ကြယ်တာရာမြို့တော်က ပြသလိုက်သည်။

**ရေပလာဇာ**

မိုးရေကို ထိန်းချုပ်စီးဆင်းစေခြင်းဖြင့် ရေကြီးရေလျှံမှုကို လျော့နည်းစေသော အခြားဥပမာတစ်ခုကို နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် တွေ့နိုင်သည်။ နယ်သာလန်နိုင်ငံ၏အစိတ်အပိုင်းအတော်





ဘင်ထမ်ပလိန်းရေရင်ပြင်၌ မိုးမရွာသည့်အချိန်တွင် အနားယူသူ၊ ကစားသူများဖြင့် စည်ကားနေသည်။

များများသည် ပင်လယ်ရေပြင်အောက်နိမ့်နေသောဒေသများဖြစ်သည်။ နယ်သာလန်နိုင်ငံတောင်ပိုင်းရှိ ရော့တာဒမ်မြို့သည် ဆိပ်ကမ်းမြို့တော်ဖြစ်ပြီး မြို့မြေပြင်သည် ပင်လယ်ရေပြင်ထက် ပေ ၂၀ ခန့်နိမ့်သည်။ မြို့တွင်းရှိရေများကို ရှေးယခင်ကတည်းက ယခုအထိ လေရဟတ်များ၊ ရေစုပ်စက်များဖြင့် စုပ်ထုတ်နေခဲ့ရသည်။ နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးပိုရွာလာသောအခါ မိုးရေများကို သမားရိုးကျနည်းများဖြင့်နိုင်အောင်စုပ်ထုတ်၍ မဖြစ်နိုင်တော့ဘဲ နည်းလမ်းသစ်များကိုကြံဆကြရာ တစ်ခုမှာ "ရေပလာဇာ" များ၊ "ရေရင်ပြင်" များထားရှိခြင်းဖြစ်သည်။

ရေပလာဇာ၊ ရေရင်ပြင်ဆိုသည်မှာ မိုးမရွာသည့်အခါ အများပြည်သူ အပန်းဖြေနေရာနှင့် ကစားကွင်းများအဖြစ်သုံးပြီး မိုးသည်းထန်သည့်အခါ ရေလှောင်ကန်ဖြစ်သွားသော ကွက်လပ်များဖြစ်သည်။ မြို့ကြီးများရှိ တိုက်တာအဆောက်အအုံများကြားနှင့် ရပ်ကွက်များရှိ မြေလွတ်များ၌တည်ဆောက်ထားသောရေပလာဇာတစ်ခု၏ အနိမ့်ဆုံးအပိုင်းတွင် ကစားကွင်းများ၊ ပို၍မြင့်သောနေရာများတွင် ထိုင်ခုံတန်းများ၊ မြက်ခင်းများ၊ လျှောက်လမ်းများ စသည်ဖြင့် အနိမ့်အမြင့်မတူစေဘဲ ဖွဲ့စည်းသည်။

နွေအခါတွင် ရေပလာဇာတစ်ကွင်းလုံးသည် မြို့သူမြို့သား အရွယ်သုံးပါးတို့ လာရောက်ဆော့ကစားအပန်းဖြေကြသည့်နေရာဖြစ်သည်။ မိုးတွင်းကာလ မိုးပုံမှန်ရွာသောအခါ ကနဦးမိုးရေသည် ရေပလာဇာ၏ အနိမ့်ဆုံးအပိုင်းဖြစ်သော ကစားကွင်းထဲသို့ စီးဝင်လာသဖြင့် ကစားကွင်းသည် ရေကန်အဖြစ်ပြောင်းသွားသည်။ မိုးဆက်ရွာသောအခါ ကစားကွင်းထက် ပိုမြင့်သော လူသွားလမ်းအချို့နှင့် ကွက်လပ်အချို့သို့ ရေရောက်လာပြီး မျက်စိပသာဒဖြစ်ဖွယ် ရေတသွင်သွင်စီးနေသော မြောင်းငယ်များ၊ ရေတံခွန်ငယ်များဖြစ်လာသည်။ ကျန်လူသွားလမ်းနှင့် မြေပြင်သည် ပုံမှန်မိုးရွာနေသမျှ ရေမဖုံးဘဲ လျှောက်လမ်းနှင့်နားခိုနေရာများအဖြစ် ဆက်လက်အသုံးပြုနိုင်ကြသည်။

အချိန်အတန်ကြာ မိုးသည်းထန်စွာရွာသောအခါတွင်မူ ရေပလာဇာတစ်ခုလုံး ရေပြည့်သွားသည်။ ရေပလာဇာသည် ဘေးပတ်ဝန်းကျင်ရပ်ကွက်နှင့်လမ်းများအပေါ် ရေမလျှံအောင် ယာယီရေထိန်းပေးထားသော ကန်ကြီးဖြစ်သွားသည်။ ရော့တာဒမ်မြို့ ဘင်ထမ်ပလိန်းရေရင်ပြင်



မိုးရွာသောအခါ ဘင်ထမ်ပလိန်းရေရင်ပြင်သည် ရေထိန်းကန်ဖြစ်သွားသည်။

သည် ရေဂါလန် ၅၀၀၀၀၀ ခန့်ကို လက်ခံသိမ်းဆည်းပေးထားနိုင်သည်။

မိုးတိတ်၍ ရေပလာဇာထဲမှရေများကို ပြန်ထုတ်လိုက်သောအခါ ကစားကွင်းနှင့် အပန်းဖြေနေရာပြန်ဖြစ်လာသည်။ ရေပလာဇာ၊ ရေရင်ပြင်များကိုတည်ဆောက်ထားရှိခြင်းဖြင့် မြို့နေလူထုအတွက် အပန်းဖြေနေရာများ မပျောက်ပျက်သည့်အပြင် မြို့တွင်းရေကြီးရေလျှံမှုကိုလည်း များစွာသက်သာရာ ရစေလျက်ရှိသည်။ ရော့တာဒမ်မြို့၏ ရေပလာဇာ၊ ရေရင်ပြင်စိတ်ကူးစိတ်သန်းကို ဗီယက်နမ်မြို့ကြီးအချို့အပါအဝင် အခြားကမ္ဘာ့မြို့ကြီးများတွင်လည်း အကောင်အထည်ဖော်တည်ဆောက်၍ မြို့ပြရေလျှံမှုကိုထိန်းချုပ်ရန် စီစဉ်နေကြသည်။

မြန်မာနိုင်ငံ၏မြို့အချို့တွင်မူ ပန်းခြံနှင့် ကစားကွင်းများကိုသာမက ရှိပြီးရေထိန်းကန်များကိုပါ အလွတ်မပေးဘဲ မြေဖို့ကာ အဆောက်အအုံများဖြင့် အစားထိုးလိုက်၍ ရေကြီးရေလျှံမှု တစ်ချိန်ထက်တစ်ချိန် ဆိုးရွားလာနေခြင်းသည် မြို့ရွာအုပ်ချုပ်ရေးနှင့် ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှု၏ လွဲမှားချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို ကွက်ကွက်ကွင်းကွင်းထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေးသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဋ္ဌေး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ်ဦးဆောင်သောအဖွဲ့သည်ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လက်ရှိတရားလွှတ်တော် အဆောက်အအုံအခြေအနေ၊ ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လျာထားချက်၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က ယခုအဆောက်အအုံသည် ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် (Heritage) အဆောက်အအုံဖြစ်သည့်အတွက် ယခင်အဆောက်အအုံပုံစံအတိုင်း ရှေးမူလက်ရာမပျက်စေဘဲ အရည်အသွေးပြည့်မီစွာ စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ တာဝန်ယူဆောင်ရွက်မည့်အဖွဲ့များအနေဖြင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး အဆောက်အအုံအတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အဆောက်အအုံမှာ အလျား ၂၉၉ ဒသမ ၆ ပေ၊ အနံ ၂၈၈ ပေရှိ စတုဂံပုံသဏ္ဌာန်သုံးထပ်အဆောက်အအုံဖြစ်ပြီး ၁၉၀၅ ခုနှစ်တွင် တည်ဆောက်၍ ၁၉၁၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုစဉ်က ကုန်ကျငွေမှာ ရူပီး ၂ ဒသမ ၄၅ သန်းဖြစ်ပြီး အဆိုပါအဆောက်အအုံတွင် ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော်၏ အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့အစည်း အဆက်ဆက် ရုံးထိုင်၍ အမှုများစစ်ဆေးကြားနာစီရင်ခဲ့ပြီး သမိုင်းတန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံဖြစ်သည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည်လည်း ၂၀၁၁ ခုနှစ်မှစ၍ ယနေ့တိုင် ဤအဆောက်အအုံတွင်ပင် ရုံးထိုင်၍ တရားစီရင်ရေးလုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ ၁၉၉၆ ခုနှစ်တွင် ဤအဆောက်အအုံကို ရှေးဟောင်းလက်ရာအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရန်ကုန်မြို့ပြအမွေအနှစ် (Yangon City Heritage) အဆောက်အအုံအဖြစ် အပြာရောင်ကမ္ပည်းပြား (Blue Plaque) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင် တပ်ဆင်ခဲ့သည်။

အဆိုပါအဆောက်အအုံနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်က လာရောက်ကြည့်ရှုစဉ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အဆောက်အအုံသည် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် မူလလက်ရာမပျက်ယွင်းစေဘဲ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုအဆောက်အအုံသည် ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သဖြင့် အဆောက်အအုံ ရေရှည်ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လမ်းညွှန်မှာကြားချက်နှင့်အညီ ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းသည့်အနေဖြင့် အဆောက်အအုံအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်းအစီရင်ခံစာ-၂၀၂၅ ဖွင့်ပွဲနှင့် Ministry of Commerce- MOFCOM ပညာတော်သင်ဆုပေးအပ်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံရှိတရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများတာဝန်ယူဆောင်ရွက်ခြင်းအစီရင်ခံစာ-၂၀၂၅ ဖွင့်ပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM) ပညာတော်သင်ဆုပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားက မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းရှင်များအသင်း (CECCM) အနေဖြင့် တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်းအစီရင်ခံစာ-၂၀၂၅ ထုတ်ပြန်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်းအစီရင်ခံစာသည် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေနပ်ဖွယ်ရလဒ်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာလိုအပ်ချက်များအရ လူမှုအသိုင်းအဝိုင်းအတွက် အထောက်အပံ့ကောင်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိပ္ပာယ်ပြည့်ဝသော ပံ့ပိုးကူညီမှုများဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr. Liu Ming က အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက တရုတ်စီးပွားရေးလုပ်ငန်းများ၏ ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအတွက်ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အသင်းမှဆောက်လုပ်လှူဒါန်းသော စစ်ကိုင်းမြို့ရှိ ရွှေမင်းဝန်ဈေးသစ်စီမံကိန်းကို လွှဲပြောင်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM)က ကြီးမှူးပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ပညာတော်သင်ဆုပေးအပ်ပွဲသို့ တက်ရောက်သည်။

ပညာတော်သင်ဆုပေးအပ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားက MOFCOM ပညာတော်သင်ဆုများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်သည့် MOFCOM ပညာတော်သင်ဆုများသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်များစွာအထောက်အကူပြုစေကြောင်း၊ အရည်အချင်းပြည့်မီပြီး ပညာတော်သင်ဆုရွေးချယ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများကို ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter) ချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ပြည်သူ့ဝန်ဆောင်မှုများတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ပညာသင်ကာလပြီးဆုံးပါက လေ့လာဆည်းပူးခဲ့သည့် အသိပညာဗဟုသုတများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးပြုရန်နှင့် နိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တရုတ်သံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter) များကို ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသည့် အရာထမ်း၊ အမှုထမ်းများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ၏စကားသံများ

နေပြည်တော် ဩဂုတ် ၂၄


၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ၏စကားသံများကို မျှဝေပေးလိုက်ရပါသည်–

**ဒေါ်သင်းနုနုစိန်၊ ညွှန်ကြားရေးမှူး(အခြေခံပညာဦးစီးဌာန)**



ကျွန်မတို့အနေနဲ့ ပထမဦးဆုံးဆုရ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အခြေခံအချက်အလက်တွေကို ကောက်ယူခြင်း၊ တည်းခိုနေထိုင်နိုင်ရေးအတွက် စီစဉ်ပေးခြင်းနဲ့ ဆုချီးမြှင့်ခြင်းများဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်ပါတယ်။ ထူးချွန်ထက်မြက်တဲ့သူများကို နိုင်ငံတော်အနေနဲ့ ချီးမြှင့်တာဖြစ်ပါတယ်။ ဒီလို ချီးမြှင့်တာကလည်း မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ မင်္ဂလာတစ်ပါးဖြစ်ပါတယ်။ ဒီလို အသိအမှတ်ပြု ချီးမြှင့်ပေးတဲ့အတွက် ကျောင်းသားလူငယ်တွေက ပညာကို ပိုပြီးတန်ဖိုးထားလာဖို့၊ ပညာသင်ယူလိုတဲ့စိတ်တွေတိုးပွားလာဖို့၊ အခြားကျောင်းသားတွေကလည်း အတုယူအားကျလာဖို့အတွက် ဒီလိုရည်မှန်းချက်တွေနဲ့ ချီးမြှင့်တာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက ဒီလိုထူးချွန်တဲ့ကျောင်းသားများကို ဒီလို ခမ်းခမ်းနားနားချီးမြှင့်ပေးတဲ့အတွက် အားလုံးကိုလည်း ဒီလိုထူးချွန်တဲ့ကလေးတွေဖြစ်အောင် ပညာကို ဖွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်၊ နိုင်ငံတော်က ပညာရေးကိုအားပေးတဲ့ အတွက်ကြောင့် ကျွန်မတို့ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်ရှင့်။

**မောင်ဖြိုးထက်အောင် (တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံဘာသာတွဲ Top 10 စာရင်းဝင်)**



တစ်နှစ်လုံးမှာ ၆ ဘာသာဂုဏ်ထူး ထွက်ကိုထွက်ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ကြိုးစားခဲ့ပါတယ်။ တစ်နေ့စာတစ်နေ့ ပုံမှန်လုပ်တယ်။ ဆရာ၊ ဆရာမတွေ စာသင်တဲ့အချိန်မှာလည်း သေသေချာချာ နားထောင်ရုံတင်မကဘူး။ စိတ်ပါလက်ပါနဲ့ ကိုယ်တိုင်မေးမြန်းဆွေးနွေးပြီးတော့မှ ပါဝင်ပြောသွားတာလေးတွေလည်းရှိပါတယ်။ ကိုယ်ပိုင်စာလုပ်တဲ့အချိန်မှာလည်း စာကို မနားတမ်းလုပ်တာမျိုးမဟုတ်ဘဲနဲ့ ပေါ့ပေါ့ပါးပါးပဲလုပ်ပါတယ်။ ပုံမှန်လုပ်ပြီးတော့ပဲ စာမေးပွဲကိုအကောင်းဆုံးဖြေခဲ့ပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ ငယ်ငယ်ကတည်းက အိပ်မက်ဖြစ်တဲ့ ရေကြောင်းဘက်မှာ တာဝန်ထမ်းဆောင်ချင်ပါတယ်၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ၆ ဘာသာဂုဏ်ထူးရှင်တွေကို အခုလိုမျိုး နိုင်ငံတော်အဆင့် အခမ်းအနားကြီးနဲ့ ခမ်းခမ်းနားနား ဂုဏ်ပြုပေးတဲ့အတွက် အားလုံးလည်း ရင်ထဲမှာ တကယ်ကိုကျေနပ်ပီတိလည်း ဖြစ်ရပါတယ်။

**မခင်ပပကျော် (တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံဘာသာတွဲ တတိယအမှတ်အများဆုံး ကျောင်းသူ)**



Grade–12 စာမေးပွဲကြီးကို ဖြေဆိုရတော့မယ်ဆိုကတည်းက တစ်နေ့စာ တစ်နေ့သေချာလေးလုပ်ပါတယ်၊ တစ်နှစ်လုံးမှာ အချိန်ကိုအကျိုးရှိစွာအသုံးချပြီး လုပ်ဆောင်ခဲ့ပါတယ်။ အခုလို ကြိုးစားအားထုတ်ခဲ့လို့လည်း ဒီလိုမျိုး Top 3 ဝင်ခဲ့တယ်လို့ထင်ပါတယ်ရှင့်။ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်တာပါ။ တစ်မိသားစုလုံးကလည်း သမီးကိုဆရာဝန် တစ်ယောက်ဖြစ်ဖို့အတွက် မျှော်မှန်းထားကြတာပါ။ အခုလိုဖြစ်လာအောင်လည်း လုပ်ဆောင်ပေးနိုင်ခဲ့တဲ့အတွက် တော်တော်လေးကို ဝမ်းသာပီတိဖြစ်မိပါတယ်၊ အရင်ကဆို ဒီလိုမျိုးအခမ်းအနားကို မတက်ရောက်ဖူးပါဘူး။ အခုလိုမျိုး ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရတာကို အရမ်းပဲဝမ်းသာဂုဏ်ယူမိပါတယ်။

**မခိုင်သဇင်ထက် (တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိပ္ပံဘာသာတွဲ တတိယအမှတ်အများဆုံးကျောင်းသူ)**

မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိပ္ပံဘာသာတွဲမှာ တတိယအမှတ်



အများဆုံးဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်မြင်ခဲ့တာပါ။ ကျောင်းစာတွေကိုတော့ ပုံမှန်နေ့စဉ်မပြတ်လုပ်ဆောင်တာပါ။ ဆက်လက်ပြီးတော့လည်း နည်းပညာတက္ကသိုလ်တက်ပြီး အဲဒီပညာတွေနဲ့ နိုင်ငံတော်ကိုအကျိုးပြုနိုင်ဖို့ ကြိုးစားသွားမှာပါရှင့်။ ဒီလိုအခမ်းအနားကို တက်ရောက်ခွင့်ရတာ အရမ်းပျော်တယ်၊ ဘာလို့ဆို ဒီလိုအခမ်းအနားမတက်ဖူးဘူး၊ မျှော်လည်းမမျှော်မှန်းဖူးဘူး။ ဒီလို နေပြည်တော်မှာ ဒီလိုအခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် အခုလို ဂုဏ်ပြုပွဲစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ပါဝင်သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**မောင်ရဲမင်းထိုက် (တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိပ္ပံဘာသာတွဲအမှတ်အများဆုံး အဆင့် ၇ ကျောင်းသား)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အထက–၂ကျောင်းကနေ ဝင်ရောက်ဖြေဆိုပြီးတော့ စုစုပေါင်းအမှတ် ၅၀၇ မှတ်ရရှိခဲ့ပါတယ်၊ အဓိကတော့ ကျွန်တော့်အနေနဲ့ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အိပ်ချိန်၊ စားချိန်မှန်အောင် ဂရုစိုက်တယ်၊ အနီးကပ်ကြီးကြပ်တဲ့ ဆရာ၊ ဆရာမတွေကလည်း စေတနာ၊ မေတ္တာစိတ်အပြည့်အဝနဲ့ ဆုံးမသွန်သင်ပေးတယ်။ အသေးအမွှားကအစ ဂရုစိုက်ပေးပါတယ်၊ အခုလိုဂရုစိုက်ပြီး လမ်းပြပေးတဲ့ဆရာ၊ ဆရာမတွေရဲ့ အားဖြည့်ပေးမှုနဲ့ပေါင်းစပ်ကာ ကျွန်တော်ကိုယ်တိုင်လည်း အကောင်းဆုံးကြိုးစားခဲ့လို့ အောင်မြင်မှုရခဲ့တာလို့ ပြောချင်ပါတယ်။ အင်ဂျင်နီယာကျောင်းဆက်တက်ဖို့ ရည်မှန်းချက်ရှိပါတယ်၊ မြို့ပြအင်ဂျင်နီယာဘက်ကို အားသန်ပါတယ်။ အခုလို နိုင်ငံတော်အကြီးအကဲကနေပြီးတော့ ကျွန်တော်တို့ရဲ့ ကြိုးစားအားထုတ်မှုကို ခမ်းခမ်းနားနား ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ လာမယ့်နှစ်မှာ Grade–12 ဖြေဆိုကြမယ့် ညီလေး၊ ညီမလေးတွေအနေနဲ့ စာသင်ချိန်မှာ စာကိုပဲအာရုံစိုက်ပြီး လေ့လာသင်ယူပါ။ ကိုယ့်ရဲ့ ဆရာ၊ ဆရာမတွေလမ်းညွှန်ပေးတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်မယ်ဆိုရင် ကိုယ့်ရည်မှန်းချက်တွေ အကုန်အထမြောက်အောင်မြင်မယ်လို့ ပြောချင်ပါတယ်။

**မငြိမ်းငြိမ်းလွင် (တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံး ပထမရကျောင်းသူ)**



Grade – 10 , 11 မှာကတည်းက ရည်ရွယ်ချက်ထားထားတယ်၊ တက္ကသိုလ်တက်ကိုတက်ရမယ်ဆိုပြီး ရည်ရွယ်ချက်ထားခဲ့ပြီး ကြိုးစားခဲ့ပါတယ်။ ဘာသာရပ်တွေအားလုံးထဲမှာ အင်္ဂလိပ်စာကို အဓိကထားပြီးလုပ်တယ်။ ဒီဘာသာရပ်က အားနည်းတဲ့ဘာသာရပ်ဖြစ်နေလို့ပါ။ အခြားဘာသာရပ်တွေကိုလည်း လွှတ်ထားလို့မရဘူးလေ။ ဘာသာရပ်အားလုံးအောင်မှ စာမေးပွဲကအောင်မှာဖြစ်တဲ့အတွက်ကြောင့် အားနည်းတဲ့ဘာသာရပ်ကိုပိုလုပ်ပြီး အားသာတဲ့ဘာသာရပ်တွေလည်း ပုံမှန်အချိန်သတ်မှတ်ပြီးလုပ်ပါတယ်။ ဆရာ၊ ဆရာမတွေကလည်း နည်းလမ်းချပေးတယ်၊ မိဘတွေကလည်း အားပေးတယ်။ စာတွေကိုလည်း တစ်နှစ်လုံးသေချာလေး အချိန်ဇယားနဲ့သတ်မှတ်ပြီး ပုံမှန်ကြိုးစားလေ့လာခဲ့လို့ အခုလို ထူးထူးချွန်ချွန်နဲ့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ခုလို အသိအမှတ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့တာဝန်ရှိသူတွေအားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

**မောင်စောချစ်အောင်ဇေယျထွန်း(တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးဒုတိယရကျောင်းသား)**

ကျောင်းမှာ ဆရာ၊ ဆရာမတွေရဲ့ သင်ကြားပြသမှုတွေကို သေသေချာချာ လေ့လာမှတ်သားပြီး တစ်နေ့စာတစ်နေ့



ပြီးပြတ်အောင် ကြည့်ပါတယ်။ အချိန်ကို အကျိုးရှိစွာ အကောင်းဆုံးကြိုးစားပြီးတော့ စာကြည့်ပါတယ်။ အခုလိုမျိုး ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးအထူးပဲတင်ရှိပါတယ်။ နောင်လာမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်လေးများကိုလည်း ကိုယ့်စာကို အကောင်းဆုံးကျက်မှတ်လေ့လာကြပါ။ ဆရာ၊ ဆရာမတို့ရဲ့ လမ်းညွှန်မှုကိုလိုက်နာပြီး အချိန်ကို အကျိုးရှိစွာအာရုံစူးစိုက်ပြီး ဂုဏ်ထူးမှတ်တွေရရှိအောင် လေ့လာကြပါလို့ တိုက်တွန်းပြောကြားချင်ပါတယ်။

**ဦးနိုင်ဝင်း (၆ ဘာသာဂုဏ်ထူးရှင်၊ မခင်ထိပ်ထားနိုင်ဝင်း၏ဖခင်)**



မိဘတစ်ယောက်အနေနဲ့ အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။ ကလေးတစ်ယောက်အနေနဲ့လည်း ၆ ဘာသာဂုဏ်ထူးရဖို့ဆိုတာ မနည်းကိုကြိုးစားခဲ့ရတယ်ဆိုတာ ကိုယ်လည်းအသိဆုံးဖြစ်ပါတယ်။ ကျွန်တော့်သမီးလေးကတော့ ဆေးပညာကို သူကဝါသနာပါပါတယ်။ ဆရာဝန်လုပ်မယ်လို့ ပြောပါတယ်။ သူဆရာဝန်ဖြစ်တဲ့အထိ ကျွန်တော်ပြုစုပျိုးထောင်ပေးမှာပါ။ အခုလို နေပြည်တော်မှာဆုလာယူရတာကိုလည်း ဂုဏ်ယူကြပါတယ်။ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်၊ ကလေးတွေကို အခုလိုကြိုးစားချင်စိတ်ရှိလာအောင် ဒီလိုမျိုး နိုင်ငံတော်အဆင့်အနေနဲ့ဆုပေးအပ်ချီးမြှင့်တာဟာ သိပ်ကောင်းပါတယ်လို့ပြောချင်ပါတယ်။

ဇော်မျိုး(မြဝတီ)
ဓာတ်ပုံ– ကိုဖြိုး(မြဝတီ)

★ **စာမျက်နှာ ၁၇ မှအဆက်**

လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ်တွင် အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး၏ဆိုးရွားသည့်ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသော်လည်း နိုင်ငံတော်နှင့်ပြည်သူများ၏တက်ညီလက်ညီပူးပေါင်းလုပ်ဆောင်မှုများဖြင့် အခက်အခဲများ၊ အဟန့်အတားများကို တုံ့ဆိုင်းမှုမရှိ ကျော်လွှားနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၊ ကျောင်းများကို အခက်အခဲများကြားမှ အတတ်နိုင်ဆုံး မရပ်မနားပုံမှန်ဖြစ်အောင် ဖွင့်လှစ်ပြီး အန္တရာယ်များကြားက စိတ်ကောင်းစေတနာများဖြင့် သင်ကြားရေးအဆက်မပြတ်အောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အချိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများသည် ပညာရေးသမိုင်းတွင် မှတ်တမ်းကောင်းတစ်ခုအဖြစ် ဂုဏ်ယူရမည်ဖြစ်ကြောင်း။

ထိုသို့အခက်အခဲများကြားက ရုန်းထပြီး စစ်မှန်သည့် အရည်အသွေးနှင့် အရည်အချင်းကို ထုတ်ဖော်ပြနိုင်ခဲ့သည့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် (၁၉၆) ဦးအထိ ပေါ်ထွက်လာခဲ့ကြောင်း။

ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ (၃၃) ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့် လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့်ဆန္ဒက အဆမတန်သာလွန်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် ယမန်နှစ်ကကဲ့သို့ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့်ထူးချွန်ကျောင်းသား၊ကျောင်းသူများကို ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာသင်ယူစဉ်တွင် အလေ့အကျင့်ကောင်းများနှင့် အစွမ်းကုန်ကြိုးစားခဲ့ကြသလို အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ ဝါသနာပါသည့်၊ စိတ်ဝင်စားသည့် ပညာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလို**ကြောင်း၊ **အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာသင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်(၂)ခုစလုံးကိုတန်ဖိုးထားလေ့လာကြရန် မှာကြားလို**ကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့အခင်းအကျင်းသာမက ကမ္ဘာ့အခင်းအကျင်းကိုပါ မျက်ခြည်မပြတ်လေ့လာနေရန်၊ မှန်ကန်သည့်အတွေးအမြင်များရှိရန်လိုအပ်ကြောင်း၊ သုတေသနအခြေပြု လေ့လာမှုများကတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မှာဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှုများပြားလာကြောင်း၊ ထိုအထဲတွင် ကျင့်ဝတ်မဲ့ သတင်းတုသတင်းမှားများနှင့် လုပ်ကြံသတင်းများကလွှမ်းမိုးသည့်အတွေးအခေါ်၊ အယူအဆများ စိမ့်ဝင်လာနိုင်သည်ကို အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်နေထိုင်ကြရန်လိုကြောင်း၊ လူငယ်များအနေဖြင့် ခေတ်ရေစီးကြောင်းအလိုက် ကောင်းမွန်သည့် တိုးတက်မှုနည်းလမ်းများကို ရှာဖွေရမည်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များ မှေးမှိန်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း။

လူငယ်များအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အရာအားလုံးကို ဉာဏ်ပညာနှင့် ဆန်းစစ်၊ သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများကနေ သင်ယူနိုင်သည့်အပြင် စာအုပ်စာပေဖတ်ရှုခြင်းကတစ်ဆင့်လည်း လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းများတွင် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အကျိုးရှိသည့် စာအုပ်စာပေများကို များများဖတ်ရှုကြရန် အလေးအနက်ထားပြီး မှာကြားလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များတွင် အသက်အရွယ်နှင့် ပညာအဆင့်အလိုက် လေ့လာသင့်ပြီး အကျိုးရှိသည့်စာအုပ်စာစောင်များရှိအောင် ဖြည့်ဆည်းပေးရန်ကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ထူးချွန်မောင်မယ်များအနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်မိမိကောင်းမွန်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့်လူတော်၊ လူကောင်း၊ လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်၊ မိမိတို့ကိုးကွယ်သည့်ဘာသာတရား၏အဆုံးအမနှင့် တစ်ပါးသူအပေါ် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းကိုမွေးမြူကြရန်၊ အတ္တနှင့်ပရအကျိုးနှစ်ဝကို မျှမျှတတလက်ခံကျင့်သုံးကာ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ကျက်သရေတင့်တယ်သည့် နိုင်ငံ့သားကောင်းများအဖြစ်မှသည် ကမ္ဘာ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ယနေ့အချိန်တွင် လူငယ်များ၏အနာဂတ်ကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ကြရန်မှာကြားလိုကြောင်း၊ **"အာရောဂျံပရမံလာဘံ"**ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ကျန်းမာသန်စွမ်းပြီး ပညာကို ဘဝတစ်လျှောက် သင်ယူနိုင်ရန် ကိုယ်လက်လှုပ်ရှားအားကစားကို လေ့လာလိုက်စားကြရန်လိုကြောင်း၊ ထို့ကြောင့် **"ဗလငါးတန်"**နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် ကြိုးစားပြီး ကျင့်ကြံနေထိုင်ကြရန် မှာကြားလိုကြောင်း။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်ဆောင်ပုဒ်အတိုင်း KG+12 ပြီးမြောက်အောင်မြင်ခဲ့ကြသူများဖြစ်၍ ၁၂ နှစ်တာကာလ စည်းကမ်းစနစ်တကျနှင့် လေ့လာနေထိုင် ကြိုးစားအားထုတ်သည့် အလေ့အကျင့်ကောင်းများ ရကြသူများဖြစ်ကြပြီး အဆိုပါအလေ့အကျင့်သည် မိမိဘဝတိုးတက်မှုကို များစွာအထောက်အကူပြုစေမှာဖြစ်ကြောင်း။

**လူရယ်လို့ဖြစ်လာပါက စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လို**ကြောင်း၊ **စည်းကမ်းရှိမှသာ ဥပဒေကို လေးစားလိုက်နာမှာဖြစ်**ကြောင်း၊ **စည်းကမ်းမရှိက ဥပဒေကိုဖောက်ဖျက်မိမှာဖြစ်**ကြောင်း၊ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကိုလေးစားလိုက်နာမှသာ ဘေးအန္တရာယ်ကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများဖြစ်လာမှာဖြစ်**ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့် အကြောင်းအရာများကို ငယ်စဉ်ကတည်းက သိရှိစွဲမြဲနိုင်အောင် အခြေခံပညာကျောင်းများတွင်အလေးထားသင်ကြားပေးစေလိုကြောင်း။

**ကျောင်းသားလူငယ်များသည် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများကို လေးစားတန်ဖိုးထားတတ်ရန်လို**ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အလံ အလေးပြုခြင်း၏အဓိပ္ပာယ်နှင့် နိုင်ငံတော်သီချင်း၏ အနှစ်သာရကို ကောင်းစွာသိရှိပြီး စနစ်တကျသီဆိုတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် လူငယ်များ၏စိတ်ကိုပါ ပြုပြင်ပေးကြရန်လိုကြောင်း။

လူငယ်များအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းကြရန်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် တတ်အားသရွေ့ ပါဝင်ကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် မကြာမီတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ကြောင်း၊ ပြည်သူများမျှော်လင့်နေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်မည်ဆိုပါက ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ (၂၈)ရက်ကစပြီး ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးပါက ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံ့တာဝန်လွှဲပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့်မကြာမီကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်များဖြစ်စေရေး တတ်နိုင်သမျှ ပြည့်စုံအောင် ကြိုတင်စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသက်ပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် မိဘပြည်သူများ၊ တိုင်းရင်းသားပြည်သူများအားလုံးအနေဖြင့် ရွေးကောက်ပွဲ၏ အခြေအနေနှင့် အနှစ်သာရကိုသိရှိကြပြီး မဲပေးခွင့်ရှိသူများ၏ အခွင့်အရေးမဆုံးရှုံးရအောင် ဆန္ဒမဲပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ကူးပြောင်းရေးတွင် နိုင်ငံသားတစ်ယောက် ရသင့်သည့် အခွင့်အရေး လက်လွှတ်မခံသင့်ကြောင်းကို ပြောကြားလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များလည်းရှိနေကြောင်း၊ ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန်အဓိကဖြစ်သည့်ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဖျက်အမှောင့်လုပ်ရပ်များကို ထိန်းသိမ်းကာကွယ်သွားကြရန်၊ ပြည်သူအားလုံးပါဝင်ရန်နှင့် ပူးပေါင်းရန်လိုကြောင်း၊ ထို့ကြောင့်တိုင်းရင်းသားပြည်သူအားလုံးက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

ပညာရေးဝန်ထမ်းများအနေဖြင့် လက်ရှိပညာရေးစနစ်ကို ပြန်လည်လေ့လာသုံးသပ်ပြီး အရည်အသွေးအာမခံမှုရှိသည့်ပညာရေးစနစ် ထူထောင်နိုင်ရန်နှင့် နိုင်ငံကိုအကျိုးပြုနိုင်သည့် ပညာတတ်လူငယ်အရေအတွက်များစွာပေါ်ထွက်လာအောင်ကြိုးစားဆောင်ရွက်ကြရန်၊ ထူးချွန်မောင်မယ်တွေအနေဖြင့် နိုင်ငံ့ပုံရိပ်ကို ပညာဖြင့်မြှင့်တင်ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြောင်းကိုလေးလေးနက်နက်ခံယူပြီး တိုင်းပြည်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန်မှာကြားလိုကြောင်း ဖြင့်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအားလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဘာသာစုံဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအားလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက "လူချွန်လူကောင်း"တေးသရုပ်ဖော်တင်ဆက်မှုဖြင့်လည်းကောင်း၊ "မြန်မာ့ကျောင်း" တေးသီချင်းကိုသီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကိုအတူတကွသုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်၊ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့်မိဘအုပ်ထိန်းသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ “ပညာ” ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကိုသိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်” ဖြစ်၊ နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သည့်အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ် . . .**

**❖ ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျ၊ လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီး . . .**

☆ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား၊




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူတစ်ဦးဖြစ်သည့် မယွန်းယမုံကျော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူတစ်ဦးဖြစ်သည့် မငြိမ်းငြိမ်းလွင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင်ဘာသာစုံဂုဏ်ထူးရရှိသည့် မောင်ဖြိုးထက်အောင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**❖ ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ (၃၃)ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့် လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့်ဆန္ဒက အဆမတန်သာလွန်နေသည်ဆိုသည်ကိုပြောကြားလို . . .**



ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက်သာလွန်သည့် ဉာဏ်ပညာရှိသူ၊ ဖွဲ့၊ လုံ့လ၊ ဝီရိယများနှင့် ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ကြိုးစားအားထုတ်အောင်မြင်ကြသူများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုအပ်နှင်းချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ထိုသို့အောင်မြင်မှုများရရှိခြင်းသည် လွယ်လွယ်ကူကူနှင့်ရခဲ့ခြင်းမဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကိုကြိုးစားသင်ယူလိုစိတ်များ စိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို မရရအောင် သန္နိဋ္ဌာန်ချ အရောက်လှမ်းရယူနိုင်ခဲ့၍သာ ရရှိခြင်းဖြစ်ကြောင်း၊ ထိုသို့ထူးခြားသည့် ဝိသေသရှိသူများကို ဂုဏ်ပြုချီးမြှောက်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ မင်္ဂလာတစ်ပါးလည်းဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် **"လူငယ်တွေရဲ့အား"**နှင့်တည်ဆောက်မှ ရနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် အသိဉာဏ်ပညာပြည့်ဝသည့် ပညာတတ်များဖြစ်ရန် လိုအပ်သလို နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များကို အစဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခြင်းကို အစဉ်အလာကောင်းတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ဒုတိယအကြိမ်မြောက်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**"ပညာ"** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့်စစ်မှန်သည့်အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **"အမျိုးသားပညာရေးကဏ္ဍ"** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကို သယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ တစ်နည်းဆိုပါက ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို **"အမျိုးသားရေး တာဝန်တစ်ရပ်"** အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန် ထမ်းဆောင်နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှုမြင့်မားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ် ရှိကြရန်လိုကြောင်း၊ ထို့ကြောင့် **စာမျက်နှာ ၁၅ သို့** ☆

စာမျက်နှာ ၁၅ သို့



၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ceremony to honour students who passed the 2025 matriculation examination with distinctions in all subjects and highest marks subjective wise held; Vice Chairman of State Security and Peace Commission of the Republic of the Union of Myanmar Vice-Senior General Soe Win presents awards




Vice-Senior General Soe Win presents award to an outstanding student.

NAY PYI TAW August 24

A ceremony to honour students who passed the 2025 matriculation examination with distinctions in all subjects and highest marks subjective wise was held at Zeyathiri Villa here this morning. On behalf of Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, SSPC Vice Chairman Vice-Senior General Soe Win presented awards.

Also present together with the Vice-Senior General were Commission member Prime Minister U Nyo Saw, Commission member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, school heads, outstanding students and the parents and officials.

First, students entertained the Vice-Senior General and attendees with the song "Let's honour the distinction winners."

On behalf of the Senior General, the Vice-Senior General delivered an address. He said today's ceremony recognized and honoured the students who with wisdom, superior intelligence, perseverance, zeal, goal and constant efforts achieved success. But their success did not come easily. Since their childhood days, these students were eager to learn, and had confidence and firm determination, and in this way, they achieved their current success. In Myanmar tradition, honouring the persons with exceptional skills is a way to auspiciousness.



Vice-Senior General Soe Win greets outstanding students.

The nation will be developed with healthy, fit and **brilliant youths**, who need education and intelligence, and the State, on its part, is always honouring and supporting the outstanding youths. Hence the State-level prize-presentation was held for the second time in accord with the honorable tradition.

**Wisdom** is **the intellectual capacity** to know the right and wrong and the cause and benefits. The country will be able to build a force that can truly serve the national interest only if all citizens are smart.

As the Ministry of Education is taking the main responsibility of shaping **the national education pillar**, one of the pillars for sustainable development of the country, and educational staff are the civil servants serving the public interest from their relevant roles for all citizens to achieve academic

See Page - 19 ■■

■■ From Page - 18

knowledge and to acquire high-level education and to develop human resources. Their efforts are recognized as they are the persons trying to develop the country through education with loyalty, dutifulness and wholeheartedness,as **a national task**.

Education is important for every individual, and in addition, it plays the main role in developing the social environment and the country. High-level education is required in making correct choices and realizing the principles of democracy. Every person needs democratic wisdom, knowledge and vision. It is of vital importance for the nation to instill in youths a wider scope of intellectual knowledge, apart from technological knowledge.

It is common knowledge that although the country faced the terrible impact of the Mandalay earthquake, it could overcome all hardships, hindrances without any hesitation together with the harmonious participation of the people. Moreover, efforts were made to continue the ongoing academic activities with goodwill amidst the many dangers and hardships after reopening schools and universities and to keep up the pace of education development undertakings. All those efforts will go down in the annals of history as honourable achievements.

As the country rose up from the terrible situation and showed its true colours, the matriculation examination pass rate exceeded 48.06 percent and 196 all-distinction winners emerged.

Each one of the all-distinction winners will be awarded with one-tical gold coin and every one of the 33 students who achieved highest marks in their respective subject-wise categories will be awarded with one-tical gold coin. The value of the effort, success and prestige of the award winners and the goodwill of the nation to honour the outstanding students outweigh that of the price of the awards many times. As in the previous year, programs are underway to arrange foreign visits for outstanding students who gained the highest marks subject wise.

He urged outstanding students to continue their success by correctly choosing higher education subjects they are passionate about and interested in, just as they worked hard with good habits during their basic education. He emphasized that by studying science, they can contribute to the nation's industrial and technological development. At the same time, by studying arts, they can protect, conserve, and promote Myanmar's traditions and culture while also participating in the nation's socio-economic development. He concluded by instructing them to value and study both arts and science subjects.

He stated that in this technological age, it is necessary to stay constantly updated on both the national and global landscape and to possess correct perspectives. From research-based studies, efforts must be made to develop the state's digital economic structure, which is the only way for the nation to keep pace with the world and not fall behind.

He also warned that as technology and social media use increase, unethical fake news and misinformation can cause incorrect ideas to seep in, and therefore, people must live with awareness, mindfulness, and wisdom. While youths must find positive ways to progress with modern trends, he stressed that it is also essential to conserve and protect Myanmar's traditional culture and customs, so they do not fade away.

He stated that for youths to be able to analyze, evaluate, and make decisions about everything happening in their surroundings, they must learn not only from school lessons and life experiences but also from reading books and literature. Therefore, he stressed that efforts must be made to make school libraries active and instructed youths to read many beneficial books. He also added that responsible officials must work to ensure that school libraries are filled with beneficial books and periodicals that are suitable for different ages and education levels.

The Vice-Senior General urged the outstanding students to first strive to improve themselves so they can be of benefit to themselves, others, and the nation. He instructed them to be respectful of their parents and teachers, and to live in a way that makes them well-behaved and good individuals. He also called on them to cultivate the fundamental good morals of their respective religions, as well as empathy and tolerance toward others. He concluded by seriously urging them to fairly practice both self-interest and the interest of others, and to strive to become excellent, glorious and good citizens of the nation and, from there, good citizens of the world.

Additionally, he instructed youths to especially avoid drugs, which are destroying their future. Citing the saying **"Arogyam paramam labham,"** he emphasized that health is important for everyone and that engaging in physical exercise and sports is necessary to be strong and healthy enough to learn throughout life. He concluded by urging them to strive to live in a way that makes them youths complete with the **"five strengths"**.

The Vice-Senior General stated that in line with the motto "National discipline begins at school," those who have successfully completed the KG+12 program have acquired good habits of discipline and systematic study and living over a 12-year period. He added that these habits will greatly contribute to their personal progress in life.

He stated that a person must be disciplined and respect and abide by the law, as discipline is essential for following the law. He explained that if one lacks discipline, they will break the law, but by respecting the rules and laws set by the state, they will be safe and become valuable, good citizens. He therefore expressed his desire for basic education schools to place special emphasis on teaching the law so that students can learn and remember it from a young age.

It is necessary for student youths to conserve patriotism and the love for the country and to appreciate the dignity of the nation and heredity and fine cultural traditions and historical reality. Responsible officials are urged to train to enable youths at the basic education schools to sing the national anthem and reset their mindset by understanding the meaning of saluting the national flag and the essence of the national anthem.

Youths are urged to participate in the conservation of the natural environment as much as possible by cherishing forests and trees and conserving the natural environment and ecosystem.

A multi-party general election will be held for the people soon. The election aspired by the people is indispensable for creating the new democratic nation. Therefore, the election is scheduled to be held starting from 28 December and power will be handed over to the upcoming government.

Therefore, preparations are being made to allow all eligible voters to cast their votes, to hold a free and fair election, to convene the dignified elections and Hluttaws as much as possible. People and ethnic people including eligible students are urged to cast their votes not to lose their suffrage. They should not give up their citizen rights to democratic transition.

Another factor is that there are individuals and organizations that are hampering the elections and they are disrupting the development of the country. It is necessary to prevent disruptions to the elections that is essential to building a democratic nation and for all the people to cooperate in prevention of such disruption. Therefore, ethnic people are urged to cooperate in successful holding the elections.

Education staff are required to establish a guarantee education system for quality, to try to nurture a large number of educated youths, to encourage outstanding youths to promote the image of the nation and to play a role in national development and safeguarding the nation by seriously considering them as the duty of all citizen by reviewing the education system.

Then, the Vice-Senior General presented prizes to honorary prizes to 13 highest marks winners in science individually.

Then, the prime minister presented 10 highest-mark winners in arts and science combination individually.

Afterward, the member of the commission Executive Chief U Aung Lin Dway presented honorary prizes to 10 students who won highest-mark in arts individually and member of the commission and Joint Executive Chief presented honorary prizes to 10 all-distinction winners individually.

Afterward, members of the commission union ministers, union-level officials, the chairman of Nay Pyi Taw Council and the governor of the Central Bank of Myanmar presented honorary prizes to all- distinction winners individually.

Then, an all-distinction winner spoke words of thanks on behalf of students who won prizes in the 2025 matriculation examination.

Afterward, students entertained the Vice-Senior General and attendees with "Outstanding Youth" musical sound performance and the song "Myanmar's School".

After the ceremony, the Vice-Senior General and party posed for documentary photographs with the 33 outstanding students in respective combinations.

Then, the Vice-Senior General and party enjoyed the honorary luncheon hosted for the outstanding students. During the luncheon, artists from the Fine Arts Department of the Ministry of Culture and Religious Affairs entertained the attendees with music. Then, the Vice-Senior General and party greeted the outstanding students and their parents cordially. **100**

# Natmauk Township plans to grow over 24,000 acres of rainfed rice in this monsoon

NATMAUK August 24

Natmauk Township has designated 24,925 acres for the cultivation of rainfed rice, aiming to achieve a surplus in local production. As of now, 5,820 acres have already been planted. The Township Agriculture Department is closely monitoring planting efforts to ensure the target is achieved and potentially exceeded.

Farmers in Natmauk Township primarily grow rice varieties such as Manaw Thukha, Sin Thukha, Eyarmin, Yadanar Toe, Sar Pho Tha, and GW-11. These varieties are selected based on their suitability to local conditions and farmer preferences. Cultivation methods include direct seeding and the use of rice planters, with technical guidance from the Township Agriculture Department.

To ensure successful cultivation and high yields, the Agriculture Department is distributing rice seeds well-suited to the region and promoting proper planting techniques. **SK**

# China's 'super embassy' in London sparks spy panic

BEIJING August 24

Plans for China's so-called "super embassy" in London have been delayed after UK officials demanded clarification over "greyed-out sections" of its design and Beijing refused to disclose further details, according to the Financial Times. China has slammed the move.

The project, dubbed a "super embassy" in British media, would be the largest such compound in Europe. It has faced multiple bureaucratic setbacks since Beijing first applied for a permit in 2022.

On Saturday, a spokesperson for the Chinese embassy in the UK voiced "serious concern" over the Ministry of Housing, Communities and Local Government's postponement, saying Beijing had followed all "customary diplomatic practices" and relevant procedures in its application and had provided comprehensive answers to the questions posed by British officials.

"It is an international obligation of the host country to provide support and facilitation for the construction of diplomatic premises," the spokesperson stated, noting that the UK is also planning to erect a new building for its own embassy in Beijing.

On Friday, the Financial Times reported that Beijing had refused to "identify… the rationale and justification" for the "greyed out" Cultural Exchange Building and Embassy House in the compound layout, despite a request from Housing Secretary Angela Rayner.

Chinese officials said Wednesday they did not deem it "necessary or appropriate to provide full internal layout plans… in order to understand what has been permitted," according to the FT.

The Ministry of Housing soon thereafter said it would delay the decision on the application until October 21.

China bought the five-acre Royal Mint Court site near the Tower of London in 2018. Beijing has since sought to build an embassy complex there, which is expected to be ten times larger than the diplomatic mission's current premises. Aside from the main building, it would encompass offices, 225 homes, and a cultural exchange center, according to media reports.

Critics have argued that China could use the "super embassy" for covert surveillance activities.

In recent years, London and Beijing have repeatedly traded allegations of espionage.

**RT**

# Jordan carries out new Gaza airdrop, receives aid shipments from Slovenia

AMMAN August 24

Jordan on Sunday carried out another airdrop of humanitarian aid into the Gaza Strip and received additional relief shipments from Slovenia, as part of ongoing efforts to support Palestinians amid the deepening crisis.

The Jordan Armed Forces said Royal Jordanian Air Force aircraft, joined by planes from Germany, the United Arab Emirates and Indonesia, dropped about 41 tonnes of food and relief supplies over Gaza. Since July 27, Jordan has conducted 162 airdrops, while combined operations with partner countries have reached 392, delivering around 791 tonnes of aid.



Separately, the Jordan Hashemite Charity Organization said two Slovenian aircraft carrying urgent humanitarian supplies landed at Marka Military Airport on August 18 and 24. Slovenia has so far sent eight planes, with two more expected before the end of August.

The deliveries come as the United Nations on Friday formally declared a famine in Gaza, citing "systematic obstruction" of aid access during more than 22 months of war. According to the Integrated Food Security Phase Classification, about 514,000 people -- nearly a quarter of Gaza's population -- are facing famine, a number projected to rise to 641,000 by late September.

**Xinhua**

# Israeli warplanes strike Yemeni capital Sanaa, outskirts

CAIRO August 24

Israel carried out airstrikes against the Yemeni capital city of Sanaa and its outskirts on Sunday, a Yemeni source told Sputnik.

"Explosions are heard in Sanaa and its outskirts due to Israeli airstrikes," the source said.

Two people were killed and five others injured in Israeli airstrikes against the Yemeni capital city of Sanaa and its outskirts, the Al Masirah TV channel, which is run by the Ansar Allah (Houthi) movement, reported on Sunday.

Yemeni air defences repelled most of Israeli airstrikes, Houthi spokesperson Nasruddin Amer said on social media.

On Friday, Yemen's Ansar Allah movement, also known as the Houthis, said they had launched a ballistic missile attack on Ben Gurion Airport in Tel Aviv as well as on two other targets in Tel Aviv and Ashkelon.

**Sputnik**

# Road accidents kill 2, injure 12 in Afghanistan's Ghazni province

KABUL August 24

At least two people were killed and 12 others injured in two separate road accidents in east Afghanistan's Ghazni province, the state-run Bakhtar news agency reported Sunday.

The accidents occurred in Ghazni city, the provincial capital, and the Ab Band district on a road linking Ghazni to neighboring Kandahar province, leaving two victims dead on the spot and 12 others wounded, the report said.

All the injured have been taken to nearby health facilities for treatment, with most reported to be in critical condition.

**Xinhua**

# Russia recognizes Zelensky as De Facto head of regime, ready to meet with him in this capacity

MOSCOW August 24

Russia sees Volodymyr Zelensky as the de facto leader of the current Ukrainian administration who has the legitimacy to negotiate on Kiev's behalf but not to sign a truce, Russian Foreign Minister Sergey Lavrov said.

"We recognize him as de facto head of the regime. And in this capacity, we are ready to meet with him… When we come to a stage where you have to sign documents, we would need a very clear understanding by everybody that the person who is signing is legitimate. And according to the Ukrainian constitution, Mr. Zelensky is not, at the moment," Lavrov told NBC in an interview.

Here are the highlights of the inter view: 'Moscow respects Trump because he defends the interests of the US, and there are reasons to believe that Trump respects Putin because he defends the interests of Russia'.

**Sputnik**

# 5 killed in car crash in Monchique, southern Portugal

LISBON August 24

Five people were killed on Sunday when a light vehicle crashed on a road in Monchique, Faro district, according to Portugal's civil protection command.

Lusa News Agency reported that the victims were found burned inside the vehicle. The crash also triggered a forest fire, which was quickly brought under control.

Authorities said the road remained closed as of 2:30 p.m. local time while recovery and cleanup operations were underway.

**Xinhua**

# World-famous Gokteik Railway Bridge, with 125-year history, destroyed by TNLA terrorists with mine explosion



Photo record of TNLA terrorists planting and detonating mines to destroy the Gokteik Bridge.



Damage caused by TNLA terrorists planting and detonating mines to destroy the Gokteik Bridge.

NAY PYI TAW August 24

The TNLA terrorist insurgents, unable to withstand the systematic and phased offensive operations of the Tatmadaw, fled in disarray. While retreating, they senselessly planted mines and destroyed the Gokteik Bridge, a prominent landmark of Myanmar unrelated to military affairs.

The Gokteik Bridge, located on the Mandalay-Lashio railway line, connects Nawnghkio Town and Kyaukme Town in Northern Shan State. Constructed in 1899 and completed in 1900, the bridge began operations in 1903. Spanning 2,260 feet in length and situated 1,100 feet above sea level, this 125-year-old railway bridge is a significant landmark. It is Myanmar's highest bridge and the second-highest railway bridge in the world, as well as the largest railway bridge globally. Renowned for its advanced engineering and scenic beauty, the bridge has been a famous attraction across generations, drawing numerous domestic and international tourists for sightseeing and study.

This iconic symbol of Myanmar has been preserved and maintained through successive governments and local communities, earning a place on lists of global wonders.

With the support of the local populace and intelligence gathered from the area, the Tatmadaw launched counter-offensive operations in stages to recapture Nawnghkio town, temporarily controlled by TNLA terrorist insurgents. As a result, on July 16, 2025, at approximately 12:00, the Tatmadaw successfully recaptured the entire town of Nawnghkio.

Due to a lack of support from the local population and an inability to resist the Tatmadaw columns' counter-offensives, the terrorist insurgents suffered heavy casualties and fled in disarray toward Kyaukme Township. While temporarily occupying areas along **the Nawngkhio-Kyaukme road, including Gokteik Pass, the Gokteik Bridge on the Kyaukme side, and Naungpain village**, they carried out terrorist activities. However, through the Tatmadaw's strenuous and tactically sophisticated operations, conducted via unexpected routes with great effort, Naungpain village was fully recaptured on August 23. During their retreat, the insurgents brutally burned and destroyed residential houses in the village before fleeing in disarray.

This morning, as the TNLA armed terrorist insurgents were retreating, **they viciously planted mines and destroyed the Gokteik Bridge, a globally recognized marvel and a significant landmark of Myanmar. As a result, a 60-foot section of the bridge's steel structure between the abutment (AB-2) and pier (P-16) on the Kyaukme side was damaged.**

The TNLA terrorists' deliberate destruction of this non-military, historic, and iconic national site through such a vile and reckless act is utterly unacceptable to the public, who strongly condemn it. Security forces are intensifying efforts to eradicate the insurgents, restore peace and stability, and ensure territorial security as needed.

**100**

# More than 15,000 acres of rainfed green gram planted in Wetlet Township

WETLET August 24

Statistics of Wetlet Township Department of Agriculture stated that local farmers have so far planted more than 15,000 acres of rainfed green gram in Wetlet Township of Sagaing Region this year.

During the 2025-2026 monsoon crop season, it is planned to cultivate 38,525 acres of rainfed green gram in Wetlet Township. Cultivation began in May this year, and as of today, 15,920 acres have already been planted.

"This monsoon crop season, we've planned to grow over 38,000 acres of rainfed green gram in Wetlet Township. So far, over 15,000 acres have been cultivated. Efforts are ongoing to meet the targeted acreage. There have been awareness programs to encourage expansion of cultivation and the use of quality seeds to ensure good yields," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing green gram farmers with guidance on selecting high-quality and suitable seed varieties for the region, proper cultivation methods, pest prevention, systematic use of fertilizers, and practices to ensure good yields.

Additionally, during this year's monsoon crop season, farmers cultivating various types of pulses are being supported through collaboration with the agriculture department. This includes supplying quality seeds, essential inputs, and post-harvest technology to help improve both yield and quality of the pulse crops. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဂျေရုဆလင်မှာ နှစ်ပေါင်း ၂၂၀၀ သက်တမ်းရှိ အလွန်ရှားပါးတဲ့ အီဂျစ်ရွှေဒင်္ဂါးကိုရှာဖွေတွေ့ရှိ



အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရဲ့ ဂီဗာတီ ကားပါကင်နေရာမှာ တူးဖော်လိုက်တဲ့အခါ ရွှေဒင်္ဂါးတစ်ပြားကို တွေ့ရှိလိုက်ရပါတယ်။ ဒီရွှေဒင်္ဂါးရဲ့ပိုင်ရှင်က ဘရဏီ ၂ ဖြစ်ပါတယ်။ ဘရဏီ ၂ ဆိုတာ အီဂျစ်ဘုရင် ထိုလယ်မီ ၃ ရဲ့ကြင်ယာတော်ပါ။ အခုလို ရွှေဒင်္ဂါးကိုရှာဖွေတွေ့ရှိခြင်းဟာ အီဂျစ်နိုင်ငံရဲ့အပြင်ဘက်မှာ ပထမဆုံးတွေ့ရှိမှုလည်းဖြစ်ပါတယ်။

ဒီရွှေဒင်္ဂါးလေးက အရွယ်အစားသေးငယ်ပေမယ့် အလွန်ရှားပါးလှတဲ့ဒင်္ဂါးတစ်ပြားဖြစ်ပါတယ်။ သူ့ကိုရွှေသားစစ်စစ်နဲ့ပြုလုပ်ထားတာဖြစ်ပြီး အခုချိန်အထိတစ်ကမ္ဘာလုံးမှာ ဒီလိုဒင်္ဂါးပြား ၂၀ ကိုသာတွေ့ရှိရပါသေးတယ်။ ဒါ့အပြင် အဲဒီရွှေဒင်္ဂါးရဲ့ သက်တမ်းက နှစ်ပေါင်း ၂၂၀၀ ရှိနေပြီဖြစ်ပါတယ်။

ဒီဒင်္ဂါးကို မြေထဲပင်လယ်ရဲ့ဆိပ်ကမ်းမြို့ဖြစ်တဲ့ အလက်ဇန်းဒရီးယားမြို့ရှိ ဒင်္ဂါးတိုက်မှာခတ်နှိပ်ထားတာပါ။ အဲဒီဒင်္ဂါးကို ဘရဏီ ၂ ဘုရင်မက တတိယဆီးရီးယားစစ်ပွဲမှာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ စစ်သည်များကို ဆုတော်လာဘ်တော်များအဖြစ် ချီးမြှင့်ခဲ့ဖွယ်ရှိပါတယ်။

ဒါ့အပြင် အဲဒီဒင်္ဂါးမှာ ဘုရင်မ ဘရဏီ ၂ ရဲ့ရုပ်ပုံကိုခတ်နှိပ်ထားတာဖြစ်တဲ့အပြင် သူ့ရဲ့အမည်ကိုပါ ရေးထိုးထားတာတွေ့ရတဲ့အတွက် အဲဒီခေတ်မှာ သူ့ရဲ့အုပ်ချုပ်မှုရှိခဲ့ဟန်တူပါတယ်။ **Ref: IE**

**ကိုထက်**

# ပါဆယ်ပို့ဆောင်မှုကုန်ကျစရိတ်ကို ထက်ဝက်လျှော့ကျစေမယ့် EV နဲ့စက်ရုပ်ပူးပေါင်းမှု



ကွန်ကော်ဒီယာတက္ကသိုလ်မှ သုတေသီများဦးဆောင်တဲ့ သုတေသနအဖွဲ့တစ်ဖွဲ့က မြို့ပြနယ်မြေတွေမှာ ပါဆယ်တွေပို့ဆောင်မှုအတွက် ပိုမိုအဆင်ပြေလွယ်ကူစေတဲ့အပြင် ကုန်ကျစရိတ်ကိုလည်း ထက်ဝက်လောက်လျှော့ချပေးမယ့် နည်းလမ်းအသစ်တစ်မျိုးကို တီထွင်ဖန်တီးလိုက်ပါတယ်။

သူတို့ဖန်တီးလိုက်တဲ့ ပါဆယ်ပို့ဆောင်မှုနည်းလမ်းအသစ်က စနစ်နှစ်မျိုးကိုပေါင်းစပ်အသုံးပြုထားတာဖြစ်ပါတယ်။ စနစ်တစ်မျိုးက ပါဆယ်ပို့ဆောင်မှုပိုမိုလွယ်ကူစေမယ့်စနစ်ဖြစ်ပြီး နောက်စနစ်တစ်မျိုးက ကိုယ်တိုင်ပါဆယ်ယူနိုင်တဲ့စနစ်ပဲဖြစ်ပါတယ်။ ပထမစနစ်အတွက် လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) များနဲ့ အလိုအလျောက်ပို့ဆောင်မှုစနစ်သုံး စက်ရုပ်များကိုအသုံးပြုထားတာပါ။ ဒုတိယစနစ်မှာတော့ ကိုယ်တိုင်ပါဆယ်သွားယူနိုင်တဲ့ လော့ကာများပါဝင်ပါတယ်။

ဒီစနစ်ရဲ့အလုပ်လုပ်ပုံက တစ်ဖက်က ပို့လိုက်တဲ့ပစ္စည်းတွေကို လက်ခံသူဆီပေးပို့ရာမှာ EV ကားများက ပင်မပစ္စည်းသယ်ယူရေးယာဉ်အဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ အဲဒီယာဉ်မှာ စက်ရုပ်ပါဝင်ပါတယ်။ တကယ်လို့ ပို့ရမယ့်ပစ္စည်းကိုလက်ခံမယ့်သူက ကားလမ်းပေါ်မှာပဲရှိတယ်ဆိုရင် EV ကားက ကိုယ်တိုင်ပို့ဆောင်ပေးမှာပါ။ လက်ခံမယ့်သူက ကားလမ်းဘေးလိုနေရာမှာမရှိရင် စက်ရုပ်ကအဲဒီပါဆယ်ကို သတ်မှတ်ထားတဲ့နေရာရှိ လော့ကာထဲထည့်ခဲ့မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# တင်းနစ်ဘောလုံးအရွယ်ရှိပစ်မှတ်ကိုပင် ထိမှန်နိုင်စေမယ့် ဗြိတိန်ရဲ့ကာကွယ်ရေးစနစ်အသစ်




ဗြိတိန်တပ်မတော်က အမျိုးသားလုံခြုံရေးနဲ့ကာကွယ်ရေးစွမ်းအားကို တိုးမြှင့်နိုင်စေဖို့အတွက် Land Ceptor လို့ခေါ်တဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်ခြောက်ခုကို ဝယ်ယူလိုက်ပါတယ်။ အဲဒီကာကွယ်ရေးစနစ်များက တိုက်ပွဲဖြစ်ပွားချိန်မှာ အလွန်မြင့်မားလှတဲ့ တိကျမှုစွမ်းရည်ကိုပေးစွမ်းနိုင်မှာပါ။ ဘာကြောင့်လဲဆိုရင် တင်းနစ်ဘောလုံးအရွယ်အစားရှိတဲ့ ပစ်မှတ်ကိုတောင်မှ ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိနေလို့ပါပဲ။ ဒီလိုပစ်ခတ်တဲ့နေရာမှာလည်း ဒုံးကျည်က အသံထက်နှစ်ဆမြန်တဲ့နှုန်းနဲ့ ပျံသန်းသွားဦးမှာပါ။

နောက်ထပ်အဆင့်မြင့်တဲ့ အချက်တစ်ချက်က ဒီဒုံးကျည်ကာကွယ်ရေးစနစ်ဟာ ဒုံးကျည် ၂၄ စင်းအထိကို တစ်ချိန်တည်းတစ်ပြိုင်တည်းထိန်းချုပ်နိုင်စွမ်းရှိတာဖြစ်ပါတယ်။ ဒါ့အပြင် ဒုံးကျည် ၂၄ စင်းအနေနဲ့ ပစ်မှတ် ၂၄ ခုကို တစ်ချိန်တည်းမှာထိမှန်စေအောင် ပစ်ခတ်နိုင်တာဖြစ်ပါတယ်။

ဒီစနစ်မှာ အဓိကအစိတ်အပိုင်းသုံးမျိုးပါဝင်ပါတယ်။ ရေဒါစနစ်၊ ကွပ်ကဲမှုနဲ့ထိန်းချုပ်မှုစနစ်၊ ဒုံးပစ်လောင်ချာစနစ်တို့ဖြစ်ပြီး အနိမ့်ပျံဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# အသံနှုန်းလွန်စစ်ဆင်ရေးများကိုကိုင်တွယ်နိုင်စေမယ့် စစ်သုံးဆက်သွယ်ရေးစနစ်




တရုတ်နိုင်ငံက စစ်သုံးဆက်သွယ်ရေးကွန်ရက်စနစ်တစ်ခုကို ပြသလိုက်ပါပြီ။ အဲဒီစနစ်က နောင်တစ်ချိန်မှာဖြစ်ပေါ်လာနိုင်တဲ့ အသံနှုန်းလွန်စစ်ပွဲကို ကိုင်တွယ်နိုင်စေမှာဖြစ်ပါတယ်။ အသံနှုန်းလွန်ဆိုတာက လေယာဉ်ဆိုရင် အသံထက်ငါးဆမြန်တဲ့နှုန်းနဲ့ပျံသန်းကာ ဒုံးကျည်ဆိုရင် အသံထက် ၁၁ ဆမြန်တဲ့နှုန်းနဲ့ပျံသန်းပြီး တိုက်ပွဲဝင်တာမျိုးဖြစ်ပါတယ်။

အခုပြသလိုက်တဲ့ ဆက်သွယ်ရေးကွန်ရက်စနစ်က အချိန်ကိုက်တိကျမှုရှိတာကိုတွေ့ရပါတယ်၊ ကွာခြားမှုကတော့ ၅ နာနိုစက္ကန့်မျှသာရှိတာပါ။ ဒါကြောင့် ကြန့်ကြာတဲ့အချိန်မရှိသလောက်ဖြစ်ပါတယ်။

ဒီလိုမျိုး စွမ်းဆောင်ရည်မြင့်မားလှတဲ့ ဆက်သွယ်ရေးကွန်ရက်စနစ်ကို ဖန်တီးထုတ်လုပ်လိုက်သူက တရုတ်အီလက်ထရွန်နစ် နည်းပညာအုပ်စုကော်ပိုရေးရှင်း (CETC)ဖြစ်ပါတယ်။ အဲဒီစနစ်ဟာဆိုရင် အသံနှုန်းလွန်အမြန်နှုန်းနဲ့ ပျံသန်းသွားနေကြတဲ့ယာဉ်တွေ၊ မြေပြင်ကွပ်ကဲမှုဌာနတွေ၊ ရေဒါစနစ်တွေ၊ ရေတပ်စစ်ရေယာဉ်စုတွေ၊ ဂြိုဟ်တုထောက်လှမ်းရေးစနစ်တွေကြားစိတ်ချရတဲ့အချိန်ကိုက်ပူးပေါင်းဆောင်ရွက်မှုကိုပေးစွမ်းနိုင်မှာပါ။ **Ref: IE**

**ကိုထက်**

# FTL1 ပရိုတိန်းကိုပိတ်ဆို့ထားရုံဖြင့် မှတ်ဉာဏ်များကိုတစ်ဖန်ပြန်လည်ကောင်းမွန်လာစေနိုင်




အမေရိကန်နိုင်ငံရှိ ကယ်လီဖိုးနီးယားဆန်ဖရန်စစ္စကိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက မှတ်ဉာဏ်များတစ်ဖန်ပြန်လည်ကောင်းမွန်လာစေနိုင်မယ့် နည်းလမ်းတစ်ခုကိုတွေ့ရှိလိုက်ကြပါတယ်။ သိပ္ပံပညာရှင်များက ကြွက်များကိုအသုံးပြုပြီး အခုလိုလေ့လာတွေ့ရှိခဲ့ကြတာပါ။

ဘယ်သူပဲဖြစ်ဖြစ် အသက်အရွယ်ကြီးရင့်လာတာနဲ့အမျှ မှတ်ဉာဏ်စွမ်းရည်ကလည်းလျော့နည်းကျဆင်းလာပါတယ်။ ဘာကြောင့် ဒီလိုမျိုးဖြစ်ရတာလဲဆိုတာကို သိပ္ပံပညာရှင်များက ကြွက်များကိုအသုံးပြုပြီး လေ့လာစူးစမ်းမှုများလုပ်တဲ့အခါ FTL1 လို့ခေါ်တဲ့ပရိုတိန်းက မှတ်ဉာဏ်စွမ်းရည်ကို ပိတ်ဆို့ထားတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် သိပ္ပံပညာရှင်များက FTL1 ပရိုတိန်းကိုပိတ်ဆို့လိုက်တဲ့အခါမှာ ကြွက်တွေရဲ့ဦးနှောက်က ပြန်လည်နုပျိုလာကာ မှတ်ဉာဏ်စွမ်းရည်ကလည်းပြန်လည်တိုးတက်လာတာကို တွေ့ရှိလိုက်ရတာဖြစ်ပါတယ်။

FLT1 ပရိုတိန်းများက အလွန်များပြားလာတဲ့အခါ ဦးနှောက်ထဲမှာရှိတဲ့ နျူရွန်ဆက်သွယ်မှုတွေကိုပိတ်ဆို့လိုက်တာပါ။ အဲဒီအခါမှတ်ဉာဏ်စွမ်းရည်ကျဆင်းသွားတာဖြစ်ပါတယ်။ အဲဒီပရိုတိန်းတွေကိုလျှော့ချလိုက်တဲ့အခါ နျူရွန်ဆက်သွယ်မှုပိုမိုကောင်းမွန်လာပြီး မှတ်ဉာဏ်လည်းပိုကောင်းလာတာဖြစ်ပါတယ်။ **Ref: STD**

**ကိုထက်**

## မြောက်ကိုရီးယားက လေကြောင်းရန် ကာကွယ်ရေးဒုံးကျည် အသစ်နှစ်မျိုးကို စမ်းသပ်ပစ်ခတ်

ပြုံယမ်း၊ စစ်လက်နက်

မြောက်ကိုရီးယားနိုင်ငံက လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်အသစ်နှစ်မျိုးကို ဩဂုတ်လ ၂၃ ရက်တွင် လက်တွေ့စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနက ဩဂုတ်လ ၂၄ ရက်တွင်ဖော်ပြထားသည်။

အဆိုပါစမ်းသပ်ပစ်ခတ်မှုသည် နိုင်ငံ၏ တိုက်ပွဲဝင်စွမ်းရည်များကို တိုးမြှင့်နိုင်စေရန်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထိုစမ်းသပ်ပစ်ခတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ကိုယ်တိုင်လာရောက်ကြီးကြပ်ကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

လက်တွေ့စမ်းသပ်မှုအရ ထိုဒုံးကျည်ကာကွယ်ရေးစနစ်သည် တိုက်ခိုက်ရေးဒရုန်းများနှင့် အနိမ့်ပျံဒုံးကျည်များကဲ့သို့ အမျိုးမျိုးသောဝေဟင်ပစ်မှတ်များစွာကို လျင်မြန်စွာတုံ့ပြန်၍ တိုက်ခိုက်နိုင်စွမ်းရှိသည်ကိုတွေ့ရကြောင်း မြောက်ကိုရီးယားဒုံးကျည်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကပြောသည်ဟု KCNA သတင်းဌာန၏ဖော်ပြမှုတွင်တွေ့ရသည်။ ထို့ပြင် အဆိုပါဒုံးကျည်များတွင် ခေတ်မီသည့်အပြင် ဆန်းသစ်မှုရှိသောနည်းပညာကို ဖန်တီးအသုံးပြုထားကြောင်း ဒုံးကျည်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကပြောသည်ဟုသိရသည်။

Ref: Xinhua

## အပူပိုင်းမုန်တိုင်း ကဂျိကိ ပိုမိုအားကောင်းလာသည့်အတွက် ဗီယက်နမ်က ပြည်သူခြောက်သိန်းနီးပါးကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရန်စီစဉ်



**ဟန်နွိုင်း၊ သဘာဝဘေး**

တောင်တရုတ်ပင်လယ်ပြင်၌ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း ကဂျိကိသည် ဩဂုတ်လ ၂၄ ရက်တွင် ပိုမိုအားကောင်းလာသည့်အတွက် ဗီယက်နမ်တာဝန်ရှိသူများက မုန်တိုင်းဖြတ်ကျော်နိုင်သောလမ်းကြောင်းပေါ်ရှိ ပြည်သူခြောက်သိန်းနီးပါးကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရန် စီစဉ်နေကြောင်းသိရသည်။

မွန်းလွဲပိုင်းအချိန်တိုင်းတာချက်များအရ ကဂျိကိမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံ၏ အလယ်ပိုင်းကမ်းရိုးတန်းမှ ကီလိုမီတာ ၅၀၀ ခန့်အကွာတွင်တည်ရှိကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၉ ကီလိုမီတာရှိသည့်အပြင် တစ်နာရီလျှင် ၂၀ ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ဦးတည်ရွေ့လျားလာနေကြောင်း ဗီယက်နမ်အမျိုးသားမိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထိုမုန်တိုင်းသည် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ကုန်းတွင်းပိုင်းသို့ဝင်ရောက်နိုင်သည့်အတွက် မုန်တိုင်းဖြတ်ကျော်ရာလမ်းကြောင်းတစ်လျှောက်ရှိပြည်နယ်လေးခုမှ ပြည်သူခြောက်သိန်းနီးပါးကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးရန် တာဝန်ရှိသူများကစီစဉ်နေခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနကဖော်ပြထားသည်။

အပူပိုင်းမုန်တိုင်း ကဂျိကိသည် ဗီယက်နမ်နိုင်ငံသို့မဝင်ရောက်မီ တရုတ်နိုင်ငံရှိ ဟိုင်နန်ကျွန်းကို ဦးစွာဝင်ရောက်မည်ဖြစ်သည့်အတွက် တရုတ်တာဝန်ရှိသူများက ဆန်းယမြို့ကို အနီရောင်အဆင့်မုန်တိုင်းသတိပေးချက်ထုတ်ပြန်ထားသည်။ ထို့ပြင် မုန်တိုင်း၏အရှိန်ကြောင့် ဟိုင်နန်ကျွန်း၊ ကွမ်တုံပြည်နယ်၊ ကွမ်ရှီးပြည်နယ်တို့၌ မိုးရေချိန် ၄၀၀ မီလီမီတာအထိရရှိသည့် မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများဖြစ်ပွားသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မည့်အခြေအနေကြောင့် ဒေသတွင်းရှိစာသင်ကျောင်းများ၊ ကုန်တိုက်များ၊ စားသောက်ဆိုင်များကို ဩဂုတ်လ ၂၄ ရက်မှစတင်၍ပိတ်ထားရပြီး လေကြောင်းခရီးစဉ်များကိုဖျက်သိမ်းထားရကြောင်းသိရသည်။

Ref: ST

## ဩစတြေးလျနိုင်ငံ၌ ပြည်သူများစွာက ပါလက်စတိုင်း ထောက်ခံရေး ဆန္ဒပြမှုများပြုလုပ်

ကန်ဘာရာ၊ ဆန္ဒပြမှု

ဩစတြေးလျနိုင်ငံ၌ ပြည်သူထောင်ပေါင်းများစွာက ဩဂုတ်လ ၂၄ ရက်တွင် ပါလက်စတိုင်းထောက်ခံရေးဆန္ဒပြမှုများကိုပြုလုပ်ကြောင်းသိရသည်။ ဩစတြေးလျအစိုးရက ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုမည်ဟုဆုံးဖြတ်လိုက်ပြီးနောက် ဩစတြေးလျနှင့်အစ္စရေးတို့ကြား ဆက်ဆံရေးတင်းမာလာစဉ် ယခုကဲ့သို့ ပါလက်စတိုင်းများကိုထောက်ခံသည့်ဆန္ဒပြမှုများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆန္ဒပြအဖွဲ့ခေါင်းဆောင်များကပြောသည်။

ဩဂုတ်လ ၂၄ ရက်တွင် ပါလက်စတိုင်းကိုထောက်ခံသည့် ဆန္ဒပြမှုစုစုပေါင်း ၄၀ ကျော်ရှိကြောင်း၊ ဆစ်ဒနီ၊ ဘရစ္စဘိန်းနှင့် မဲဘုန်း အစရှိသည့်မြို့ကြီးများတွင်ပါ ဆန္ဒပြမှုများလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆန္ဒပြပွဲများတွင်ပါဝင်သူ သုံးသိန်းခွဲဝန်းကျင်ရှိကြောင်း ဆန္ဒပြပွဲစီစဉ်သူများကပြောသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးအစိုးရကလုပ်ဆောင်နေသောစစ်ဆင်ရေးများကြောင့် ပါလက်စတိုင်းပြည်သူစုစုပေါင်း ၆၀၀၀၀ ကျော်သေဆုံးကြောင်းနှင့် ကျန်ရှိနေသူများမှာလည်း အငတ်ဘေးနှင့်ရင်ဆိုင်နေရကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများကပြောထားသည်။

Ref: RTA

## အစ္စရေးက ဂါဇာမြို့ရှိ ဆင်ခြေဖုံးဒေသများကို လေယာဉ်နှင့်တင့်များသုံး၍ ပြင်းထန်စွာတိုက်ခိုက်မှုပြုလုပ်

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးစစ်ဘက်က ဂါဇာမြို့၏အရှေ့ပိုင်းနှင့်မြောက်ပိုင်းရှိ ဆင်ခြေဖုံးဒေသများကို လေယာဉ်များ၊ တင့်များအသုံးပြု၍ ပြင်းထန်စွာတိုက်ခိုက်မှုပြုလုပ်ကြောင်း သိရသည်။

ဩဂုတ်လ ၂၃ ရက်ညပိုင်းမှစ၍ ၂၄ ရက်အထိလုပ်ဆောင်သော အဆိုပါတိုက်ခိုက်မှုအတွင်း အဆောက်အအုံများနှင့်နေအိမ်များစွာပျက်စီးရကြောင်း ဒေသခံများကပြောသည်။

အစ္စရေးအစိုးရက ဂါဇာမြို့ကိုသိမ်းပိုက်နိုင်ရေးစီစဉ်ထားကြောင်းနှင့် ထိုးစစ်ဆင်တိုက်ခိုက်မှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုပြီးနောက် ယခုကဲ့သို့ ပြင်းထန်လှသည့် တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်သည်။



တစ်ချိန်တည်းမှာပင် အစ္စရေးစစ်သည်များသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှာပင် ဂျာဘာလီယာဒေသ၌ စစ်ဆင်ရေးများကို ပြန်လည်စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ရန်သူများအသုံးပြုလျက်ရှိသည့် လိုဏ်ခေါင်းကွန်ရက်များကိုဖျက်ဆီးပြီး ထိုဒေသကို ခိုင်မာစွာထိန်းချုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ဩဂုတ်လ ၂၄ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် ယင်းဒေသအတွင်းလုပ်ဆောင်နေသည့်စစ်ဆင်ရေးများသည် ဂါဇာမြို့ရှိ အခြားဒေသများသို့ပါ အောင်မြေချဲ့ထွင်နိုင်စေမည်ဖြစ်ပြီး ဟားမက်အဖွဲ့အနေဖြင့် ထိုဒေသများသို့ပြန်လာပြီး စစ်ဆင်ရေးလုပ်ဆောင်မှုကို တားမြစ်နိုင်စေမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အလားတူ အစ္စရေးစစ်ဘက်အနေဖြင့် ဟားမက်အဖွဲ့အပေါ် ယခုကဲ့သို့ထိုးစစ်ဆင်တိုက်ခိုက်မှုများလုပ်ဆောင်ကာ ဖိအားပေးသွားမည်ဖြစ်ကြောင်း၊ ဟားမက်အဖွဲ့က အစ္စရေး၏လိုလားချက်များအတိုင်း စစ်ပွဲကိုအဆုံးသတ်ပြီး ဓားစာခံများအားလုံးကို ပြန်လွှတ်ပေးမှသာ ဂါဇာမြို့အပေါ်တိုက်ခိုက်မှုကိုရပ်တန့်မည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးကပြောထားသည်။

Ref: AGC

## ဆိုးမြို့၌ စက်တင်ဘာလကုန်မှစ၍ မောင်းသူမဲ့ဘတ်စကားများစတင်အသုံးပြုမည်




ဆိုး၊ နည်းပညာ

တောင်ကိုရီးယားနိုင်ငံ ဆိုးမြို့၌ စက်တင်ဘာလကုန်ပိုင်းမှစ၍ နိုင်ငံ၏ပထမဆုံးသော မောင်းသူမဲ့ဘတ်စကားများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ဆိုးမြို့အုပ်ချုပ်ရေးအဖွဲ့က ဩဂုတ်လ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆိုးမြို့၌ မောင်းသူမဲ့ဘတ်စကားနှစ်စီးကိုအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းဘတ်စကားများတွင် လူ ၁၁ ဦးစီးလိုက်ပါနိုင်မည်ဖြစ်ကြောင်း၊ ၄ ဒသမ ၈ ကီလိုမီတာအကွာအဝေးရှိ မြို့ပတ်လမ်းကြောင်း၌ ရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုမောင်းသူမဲ့ဘတ်စကားကို စတင်ပြေးဆွဲစဉ်တွင် အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းမှသာအခြားဘတ်စကားများကဲ့သို့ အခကြေးငွေဖြင့်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ အဆိုပါမောင်းသူမဲ့ကားတွင် ယာဉ်မောင်းအတွက်နေရာနှင့် စတီယာရင်ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။

Ref: ST

# သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တွေ့ဆုံ




နေပြည်တော်　ဩဂုတ် ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ယမန်နေ့က ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာအုပ်စု လေသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျိုး၊ မြေ၊ ရေ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေပေးသည့် ဓာတ်မြေဩဇာများအား အမှန်တကယ်လိုအပ်သော တောင်သူများ လက်ဝယ်သို့ရောက်ရှိရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တစ်နှစ်သုံးသီး ရာသီပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုဆောင်ရွက်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ လယ်ယာမြေများတွင် ပလပ်မြေမရှိအောင် ကွက်ပြည့်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဓာတ်မြေဩဇာသွင်းအားစုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက ပိုက်ဆန်လျှော်နှင့် နေကြာမျိုးစေ့များကိုလည်းကောင်း တောင်သူများထံ ပေးအပ်ကြပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြေပဲရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြသဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကချင်ပြည်နယ် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်

မြစ်ကြီးနား　ဩဂုတ် ၂၄

ကချင်ပြည်နယ်ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ (၁၄)ကြိမ်မြောက် အသင်းဝင်များ၏ သားသမီးများအနက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ခြင်းအခမ်းအနားကို မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်အတွင်းရှိရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းရုံး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားစာပေယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားဆိုင်ရာ အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ရခိုင်တိုင်းရင်းသားများအနေဖြင့် ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နေကြသည်ကို တွေ့ရှိရကြောင်း၊ စာပေယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမျိုးဇေယျာမင်းက စာပေနှင့် ယဉ်ကျေးမှုအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အသင်းဝင်သားသမီးများအနက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ခဲ့သည့်အတွက် ထောက်ပံ့ငွေချီးမြှင့်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စာပေယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်၍ အဆင့်မြင့်ပညာကို သင်ယူကြမည့်ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း**



# AI for All 2025 အခမ်းအနားကျင်းပ

ရန်ကုန်　ဩဂုတ် ၂၄

AI for All 2025 အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ရှိ Conference Hall ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြည်သူအားလုံးအတွက် ဉာဏ်ရည်တုနည်းပညာ (AI for All) ဆိုသည့်အတိုင်း နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် မြှင့်တင်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ဇီဝလုံခြုံရေးစသည့် ကဏ္ဍအားလုံးတို့အတွက် AI ကို ကျယ်ပြန့်အကျိုးရှိစွာ အသုံးချနိုင်စေရေး၊ AI အသုံးပြုမှုမှ မလိုလားအပ်သော ဆိုးကျိုးအန္တရာယ်များ မဖြစ်ပေါ်စေရေးနှင့် AI နည်းပညာအရွေ့နှုန်းတို့နှင့်အတူ လိုက်ပါပြီး နိုင်ငံ့အကျိုး အမှန်တကယ်သယ်ပိုးမည့် AI ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးတို့အတွက် Stakeholders အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပရာ ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပြင်ပကွန်ပျူတာအဖွဲ့အစည်းများမှ ပညာရှင်များက အမျိုးသားအဆင့် AI နည်းဗျူဟာနှင့် AI မူဝါဒများ (မူကြမ်း)ကို အခြေခံ၍ အမျိုးသားအဆင့် AI လမ်းပြမြေပုံ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ AI ဆိုင်ရာကျင့်ဝတ်များနှင့် အနာဂတ်မြန်မာနိုင်ငံခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ခင်းကျင်းပြသထားသော AI သုတေသနပြကွက်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နေပြည်တော်ကောင်စီနယ်မြေ၏ ရေမြေဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း



နေပြည်တော်　ဩဂုတ် ၂၄

နေပြည်တော်ကောင်စီနယ်မြေ၏ရေမြေဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအပါအဝင်လိုအပ်ချက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများကနယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ ပျဉ်းမနားမြို့နယ်အတွင်းရှိပုဂ္ဂလိကမွေးမြူရေးခြံများတွင် အသားတိုးကြက်များမွေးမြူထားရှိမှု၊ အသားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ၏ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ပေးနေမှု အခြေအနေကို အသေးစိတ်ရှင်းလင်းပြောကြားပြီး လုပ်ကွက်ငယ်မွေးမြူသူများကို မွေးမြူမှုစနစ်များ၊ အစာကျွေးမွေးမှု အာဟာရပြည့်ဝစေမှုနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေးဆိုင်ရာများ မျှဝေလက်တွဲဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာရှိပုဂ္ဂလိက ဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး ဇီဝလုံခြုံရေး၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးရေးနှင့် ကူးစက်ရောဂါများကို မျက်ခြည်မပြတ်စောင့်ကြည့်ကာကွယ်ကြရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပေါင်းလောင်းရေလှောင်တမံ၏ တမံကြံ့ခိုင်မှု၊ ဆည်ရေဝင်ရောက်မှု၊ ရေပိုလွှဲမှရေကျော်ကျနေမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုကိုလည်းကောင်း၊ ရေဆင်းငါးလုပ်ငန်းစခန်းရှိ GAqP Model Farm ၊ မျိုးငါးကန်နှင့် ငါးသားပေါက်ပြုစုကန်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## ၂၄-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြိတ်ပြည်သူ့ဆေးရုံ၌ ကျောက်ကပ်ရောဂါဝေဒနာရှင်ပြည်သူများနှင့် ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များ အဘက်ဘက်မှ ဆေးကုသမှုအဆင်ပြေစေရေး မတည်အလှူငွေပေးအပ်



မြိတ် ဩဂုတ် ၂၄

ကျောက်ကပ်ရောဂါဝေဒနာရှင် ပြည်သူများနှင့် ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များ အဘက်ဘက်မှ ဆေးကုသမှု အဆင်ပြေစေရေးအတွက် မတည်အလှူငွေ ပေးအပ်ပွဲကို ယမန်နေ့က မြိတ်ပြည်သူ့ ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာန ချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အထူးကု ဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ ခင်ခင်မြင့်က ကျောက်ကပ်သန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆေးကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ကပ်သန့်စင် လူနာများအတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် စေတနာရှင် အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၁၀၆၀ ကိုပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကာ ခရိုင်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူ များသည် ကျောက်ကပ်သန့်စင်ဆောင်သို့ သွားရောက်ကြည့်ရှုအားပေး၍ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

မြိတ်ပြည်သူ့ဆေးရုံမှ မြိတ်ဒေသဝန်းကျင် တွင်ရှိသည့် ကျောက်ကပ်ရောဂါဝေဒနာရှင် ပြည်သူများနှင့် ကျောက်ကပ်ဆေးရမည့် ဝေဒနာရှင်များကို ကုသပေးနိုင်ရန် ကျောက် ကပ်သွေးသန့်စင်ဆောင် ဆောက်လုပ်၍ ၂၀၂၄ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ် ခဲ့ပြီး ကျောက်ကပ်ဝေဒနာရှင်များကို ကျောက်ကပ်ဆေးစက်လေးလုံးဖြင့် ကုသ ပေးခဲ့ရာ ယနေ့အထိ ဝေဒနာရှင် ၄၀ ကို ကျောက်ကပ်ဆေးပေးသည့် အကြိမ်ရေ ၉၀၀ ဖြင့် ကုသဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ကာ လူနာများအတွက်လိုအပ်သော ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့ခြင်း၊ အလှူရှင်များမှ လှူဒါန်း ခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်သန့်စင် လူနာများအား ရေရှည်ကျန်းမာရေးစောင့်ရှောက်မှုပေး နိုင်ရန်အတွက် ယနေ့လှူဒါန်းငွေများဖြင့် ကျောက်ကပ်သန့်စင်လုပ်ငန်းဖောင်ဒေးရှင်း ကို ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာ အစည်းအဝေးခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း များနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ် က အမှာစကားပြောကြားပြီး မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် အရာထမ်း၊ အမှုထမ်း များအား အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့်ကြက်ဥများကို ပေးအပ်သည်။

ထို့နောက် သားဖွားသင်တန်းကျောင်း (မြိတ်)သို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသူများအတွက် ဆန်များချီးမြှင့်ပေးအပ်၍ သင်တန်း ကျောင်းအတွက် လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကျောင်းပြင်ပမူလတန်း၊ အလယ်တန်းပညာရေး သင်ကြားသင်ယူ မှုများဆောင်ရွက်နေသည့် အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း (ဘုရားကိုင်) သင်ကြားရေးစခန်းသို့ ရောက်ရှိပြီး မြို့နယ်အတွင်းကျောင်းပြင်ပ ပညာရေး မူလတန်းအဆင့်သင်ကြားရေး စခန်းလေးခုနှင့် အလယ်တန်းအဆင့် သင်ကြားရေးစခန်းတစ်ခုတို့တွင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၇၀ သင်ကြား သင်ယူနေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှု အားပေးကာ သင်ထောက်ကူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရ သည်။

**ခိုင်ထူး (ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ကြည့်ရှုအားပေး



တောင်ကြီး ဩဂုတ် ၂၄

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ် (အမျိုးသား) ပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ် များကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီး မြို့ ဘက်စုံသုံးပြည်နယ်လေ့ကျင့်ရေးရုံ၌ ဆက်လက်ကျင်းပရာ အုပ်စု(ဂ)မှ ရန်ကုန် တိုင်းဒေသကြီးအသင်းနှင့်မကွေးတိုင်းဒေသ ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ အုပ်စု(ဂ)ပွဲစဉ်တွင် ရန်ကုန်တိုင်း ဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို ၄ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့်စစ်ကိုင်း တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ တစ်ဖက်သုံးဂိုးစီသရေရလဒ်ဖြင့် လည်းကောင်း၊ အုပ်စု(ဃ)ပွဲစဉ်တွင် ကရင် ပြည်နယ်အသင်းနှင့်မန္တလေးတိုင်းဒေသကြီး အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မန္တလေး တိုင်းဒေသကြီးအသင်းက ၇ ဂိုး- ၁ ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြ သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ထီသိမ် ဘူတာသို့သွားရောက်၍ ထီသိမ်ဘူတာ အနီး View Point ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ် က လုပ်ငန်းဆောင်ရွက်ရာတွင် သစ်ပင် စိုက်ပျိုးထားရှိမှုများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်နှင့် သစ်ပင်မရှိသည့် မြေကွက်လပ်များတွင် စနစ်တကျနေရာ သတ်မှတ်ရွေးချယ်ဆောင်ရွက်ရန် လိုအပ် ကြောင်း တာဝန်ရှိသူများကို မှာကြား၍ စိုက်ပျိုးထားသည့်သစ်ပင်များ အောင်မြင် ဖြစ်ထွန်းနေမှုနှင့် View Point အဝင်လမ်း ကို ကြည့်ရှုစစ်ဆေးကာ လမ်းကောင်းမွန် ရေးအတွက်ကားလမ်းမပေါ်နှင့်ကားလမ်းမ ဘေး ရေဝပ်မှုမရှိစေရေး ဆောင်ရွက်ပေး ရန်နှင့် သစ်ပင်များကို စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကို ဖြည့်စွက်မှာကြားခဲ့ ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့်တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများဖြန့်ဖြူးပေးအပ်



အိမ်မဲ ဩဂုတ် ၂၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်း နှင့် အကျုံးမဝင်သည့်တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများဖြန့်ဖြူး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ် တို့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ တောင်သူများအား ဓာတ်မြေဩဇာများပေးအပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ နည်းပညာပြန့်ပွားရေး စင်တာ၌ ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများကိုသွင်းအားစုဓာတ်မြေဩဇာ များ ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး တောင်သူများအား သွင်းအားစု ဓာတ် မြေဩဇာများပေးအပ်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမ၌ ပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်အကျုံး မဝင်သည့်တောင်သူများကို ဓာတ်မြေဩဇာ များ ဈေးနှုန်းသက်သာစွာတိုက်ရိုက်ဖြန့်ဖြူး ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တောင်သူများကို သွင်းအားစု ဓာတ်မြေဩဇာများပေးအပ်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် (၃)ဖြင့် ပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေနှင့် အကျုံးမဝင်သည့်တောင်သူ များကို ဓာတ်မြေဩဇာများ ဈေးနှုန်း သက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်ရေး စာချုပ်ချုပ်ဆိုမည့်အခြေအနေများ၊ e-ID စမတ်ကတ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းသို့သွားရောက်၍ အိမ်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒရှင် များကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနား တွင် တက်ရောက်လာကြသူများက မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို စိတ်ပါဝင်စားစွာ စမ်းသပ်မဲပေးဆောင်ရွက် နေမှုများအားကြည့်ရှုအားပေးပြီး တက် ရောက်လာသူများကို လက်တွေ့စမ်းသပ် မဲပေးခြင်းများ စနစ်တကျဆောင်ရွက်စေ ရေးမှာကြားခဲ့ကြောင်းသိရသည်။ **မူမူအေး**

# ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းရှိ Wailmar Myanmar ကုမ္ပဏီ၏ ဆီ၊ ဆန်၊ ဂျုံမှုန့်စက်ရုံများတွင် ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၄**

သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းရှိ Wailmar Myanmar ကုမ္ပဏီ၏ ဆီ၊ ဆန်၊ ဂျုံမှုန့်စက်ရုံများတွင် ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုအခြေအနေများကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Wailmar Myanmar ကုမ္ပဏီ၌ ပြသထားသည့် ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ကုမ္ပဏီ၏ Chairman ဦးမောင်ကျေးက လုပ်ငန်းများထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စက်ရုံအတွင်းရှိ တစ်နေ့လျှင် တန် ၄၆၀ ထုတ်လုပ်နိုင်သည့် စားသုံးဆီ ထုပ်ပိုးစက်ရုံတွင် လုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှု အခြေအနေများကိုလည်း ကောင်း၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတံတားတွင် ထုတ်ကုန်များ တင်ပို့နေမှု အခြေအနေများကိုလည်းကောင်း၊ တစ်နေ့လျှင် တန် ၁၂၀၀ ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆန်စက်ရုံတွင်လုပ်ငန်းအဆင့်ဆင့်လည်ပတ်နေမှုနှင့် ဆန်အမျိုးအစားများ ခွဲခြားနေမှုများကိုလည်းကောင်း၊ တစ်နေ့လျှင်တန်၅၃၀ ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဂျုံမှုန့်စက်ရုံတွင် လုပ်ငန်းအဆင့်ဆင့် လည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း၊ 8MW စပါးခွံသုံးလျှပ်စစ်ဓာတ်အားထုတ် စက်ရုံတွင် လုပ်ငန်းများ လည်ပတ်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုထပ်မံဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၂၄**

ထိုင်းနိုင်ငံ၌ကျင်းပသည့် (၅၇) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ကာယဗလအားကစားသမားများက ယနေ့ယှဉ်ပြိုင်မှု၌ ရွှေတံဆိပ်တစ်ခုနှင့်ငွေတံဆိပ်တစ်ခု ထပ်မံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဆုများကို ဇူးဇူးသန့်က WMP up to 175 cm ပြိုင်ပွဲ၌ ပထမ(ရွှေ)၊ မမိုးသက်ခိုင် (Amara Moe Myint)က WWN အတန်းတွင် ဒုတိယ(ငွေ)ဆုများရရှိခဲ့ကြခြင်းဖြစ်သည်။



ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက်အရှေ့တောင် အာရှနှင့် (၅၇)ကြိမ်မြောက် အာရှကာယဗလ နှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်ကာယဗလအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ (၁၉) ကြိမ်မြောက်အရှေ့တောင်အာရှကာယဗလ နှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၏ Men's Bodybuilding Up to 75 kg ပြိုင်ပွဲ၌ ချမ်းမြေ့ထွန်းကပထမ(ရွှေ)၊ MSP Over 175 cm ပြိုင်ပွဲ၌ မျိုးသူရကျော်ကပထမ(ရွှေ)၊ MSP up to 175 cm ပြိုင်ပွဲ၌ စိုင်းသက်နောင်ဦးက ပထမ(ရွှေ)၊ WMP up to 160 cm ပြိုင်ပွဲ၌ ဆုမွန်လှိုင်က ဒုတိယ(ငွေ)၊ WMP up Over 170 cm ပြိုင်ပွဲ၌ ဇူးဇူးသန့်က ဒုတိယ(ငွေ)၊ WMP up to 165 cm ပြိုင်ပွဲ၌ လင်းလင်းစိုး၊ MAP up to 167 cm ပြိုင်ပွဲ၌ သန်းဇော်ထိုက်နှင့် 70 kg ပြိုင်ပွဲ၌ မောင်မောင်စိုင်းတို့က တတိယ (ကြေး)တစ်ခုစီ အသီးသီးဆွတ်ခူးရရှိခဲ့ကြပြီး အရှေ့တောင်အာရှပြိုင်ပွဲ၌ ကာယဗလမောင် အတန်းလိုက်ပထမဆုရပြိုင်ပွဲတွင် Champion of Champion Overall Champion ဆုဖလားကို ချမ်းမြေ့ထွန်းက ဆွတ်ခူးရရှိခဲ့သည်။

ထို့အတူ (၅၇)ကြိမ်မြောက်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၏ MSP up to75 kg ပြိုင်ပွဲ၌ ချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊ WMP up to 175 cm ပြိုင်ပွဲ၌ ဇူးဇူးသန့်ကပထမ(ရွှေ)၊ Master Bodybuilding (40 – 49) up to 80 kg ပြိုင်ပွဲ၌ မောင်မောင်မြင့်က ဒုတိယ(ငွေ)၊ WWN အတန်း၌ မိုးသက်ခိုင် (Amara Moe Myint)က ဒုတိယ(ငွေ)၊ MSP up To 175 cm ပြိုင်ပွဲ၌ မျိုးသူရကျော်က တတိယ(ကြေး)၊ MSP up To 175 cm ပြိုင်ပွဲ၌ စိုင်းသက်နောင်ဦးက တတိယ(ကြေး)၊ မောင်မောင်မြင့်က 70 kg ပြိုင်ပွဲ၌ တတိယ (ကြေး) တံဆိပ်များ အသီးသီးဆွတ်ခူး ရရှိခဲ့ကြသည်။

ထို့ပြင် အာရှ Champion of Champion Overall Champion ပြိုင်ပွဲတွင် ပထမဆု ရရှိကြသော ကာယဗလမောင် 75 kg တန်းယှဉ်ပြိုင်ကြရာ ချမ်းမြေ့ထွန်းက ကိုယ်ဟန်ပြအကောင်းဆုံးဆု ထပ်မံရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဩဂုတ်လ ၁၈ ရက်မှ ၂၅ ရက်အထိကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲများအပြီးတွင် မြန်မာ့လက်ရွေးစင်ကာယဗလအားကစားသမားများသည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ခြောက်ခုရရှိခဲ့ကြကြောင်း သိရသည်။


**ဝန်းရံခ**


## အထူးမိုးလေဝသ သတင်း

# ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကဂျိကိ" (Kajiki)သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဩဂုတ်လ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။





မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**



TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။




TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

**■ ကျောဖုံးမှအဆက်**


အဆိုပါ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းများတွင်လည်း ပါဝင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နောင်ချိုမြို့အား ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့်အတူ နယ်မြေသတင်းများ ထောက်လှမ်းရယူကာ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့်တိုက်ခိုက်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့ ၁၂၀၀ နာရီချိန်ခန့်တွင် နောင်ချိုမြို့တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင်အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။


အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုမရရှိခြင်း၊ တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်များအား ဆက်လက်ခုခံနိုင်မှုမရှိခြင်းတို့ကြောင့် ထိခိုက်ကျဆုံးများစွာဖြင့် ကျောက်မဲမြို့နယ်ဘက်သို့ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး **နောင်ချိုမြို့နယ်၊ နောင်ချို -ကျောက်မဲ ကားလမ်းဂုတ်တွင်းအတက်လမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတား ကျောက်မဲမြို့ဘက် အခြမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတားနှင့် ကျောက်မဲမြို့ကြားရှိ နောင်ပိန်ရွာတွင်လည်းကောင်း ယာယီအခြေပြု၍** အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်နည်းဗျူဟာမြောက်ခက်ခဲကြမ်းတမ်းပင်ပန်းစွာဖြင့် ရန်သူထင်မှတ်မထားသည့် လမ်းကြောင်းများမှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် နောင်ပိန်ရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်ရချိန်၌ သောင်းကျန်းသူများအနေဖြင့် ကျေးရွာရှိလူနေအိမ်များအား ယုတ်မာရက်စက်စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့ကာ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့နံနက်ပိုင်းတွင် **မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB – 2)နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရ**သည်။

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါးယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများအမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလို ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



မုံရွာမြို့၌ ဇင်ကိုအောင်(ခ)အောင်သူနှင့် မင်းမင်းဇော်(ခ)ကိုဇော်တို့မှ ပို့ဆောင်ထားသည့် ဘိန်းဖြူများအား သိမ်းဆည်းရမိမှုတွေ့ရစဉ်။



တောင်ကြီးမြို့၌ တရားခံသိန်းထွန်းဦး(ခ)ဘိုဘိုအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



မန္တလေးမြို့၌ တရားခံအာကာလင်း၊ စိန်းလျံထန်၊ မင်းမင်းဇော်(ခ)ကိုဇော်နှင့်ဇင်ကိုအောင်(ခ)အောင်သူ(ဝဲမှယာ)တို့အားဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

**⇨ မူးယစ်ဆေးဝါးမှအဆက်**

(ငွေးဒေသတန်ဖိုးငွေကျပ် ၁၀၅၃ သိန်း)အား တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ အလားတူ WATER COOLER များအတွင်း ဘိန်းဖြူများထည့်သွင်း၍ ကားဂိတ်များမှ တစ်ဆင့် လူမဲ့တန်ဆာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ တင်ပို့ထားကြောင်းသိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၈ ရက်နေ့ နံနက် ၈ နာရီခွဲအချိန် ပြည်ကြီးတံခွန်မြို့နယ်၊ မြို့ပတ်လမ်းရှိကုန်စည်ဂိတ်၌ မူဆယ်မြို့နေ ဇင်ကိုအောင် (ခ) အောင်သူအား WATER COOLER ၁၃ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတည်းခိုနေထိုင်သည့် အောင်မြေသာစံမြို့နယ်၊ သီရိမင်္ဂလာကားဝင်းအနီးရှိတည်းခိုခန်းအား ဆက်လက်ရှာဖွေရာ မုံရွာမြို့၊ သလ္လာရပ်ကွက်နေ မင်းမင်းဇော်(ခ)ကိုဇော်နှင့်အတူ WATER COOLER ၁၀ လုံးအားလည်းကောင်း၊ အောင်မြေသာစံမြို့နယ်၊ သီရိမင်္ဂလာကားဝင်းရှိကားဂိတ်သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားသော WATER COOLER ၁၁ လုံးနှင့်ချမ်းမြေ့ပြည်ကားဝင်းရှိ ကားဂိတ်မှ WATER COOLER ၅ လုံးတို့အားလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့တွင် ကလေးမြို့သို့ ဆက်လက်ပို့ဆောင်မည့် WATER COOLER ၃၉ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၃၄ ဒသမ ၆၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၈၆၆၀)အား သိမ်းဆည်းရမိခဲ့ကြောင်း။

ဇင်ကိုအောင်(ခ)အောင်သူနှင့်မင်းမင်းဇော်(ခ)ကိုဇော်တို့မှအလားတူ WATER COOLER များအား မန္တလေးမှ ကလေးမြို့သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သိမ်းဆည်းရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်ရှိ ကားဂိတ်တွင် WATER COOLER ၂ လုံးအားလည်းကောင်း၊ ၎င်းတို့ငှားရမ်းနေထိုင်သော မုံရွာမြို့၊ သလ္လာရပ်ကွက်ရှိနေအိမ်အတွင်းမှ WATER COOLER ၁၄ လုံးအားလည်းကောင်း ထပ်မံသိမ်းဆည်းရရှိခဲ့သဖြင့် မုံရွာမြို့၌ သိမ်းဆည်းရမိသည့် WATER COOLER ၁၆ လုံး အတွင်းမှ ဘိန်းဖြူအလေးချိန် ၁၄ ဒသမ ၇ ကီလို(၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၇၃၅၀) ဖြစ်သဖြင့် ဖမ်းဆီးရမိ စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၅၆ ဒသမ ၃၆ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၀၆၃ ဘီလီယံ)ဖြစ်ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ်လ ၈ ရက်နေ့ နံနက် ၁၀ နာရီအချိန် ဘိန်းဖြူများအား လားရှိုးမှကလေးသို့ တာဝန်ခံသယ်ဆောင်သူ ဘောက်လာ(ခ)ဂျိမ်းဖောအား မူဆယ်မြို့၊ ကောင်းမူးတုံ ရပ်ကွက်ရှိနေအိမ်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲအချိန် ဘိန်းဖြူများအားဝယ်ယူ၍ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ စိန်းလျံထန်နှင့် အာကာလင်းတို့အား ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မန္တလေးမှကလေးသို့ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူ ချစ်မင်းဟန်(ခ)အစွယ်အား ဩဂုတ်လ ၁၂ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်တွင် အောင်မြေသာစံမြို့နယ်၊ သီရိမာလာ(အရှေ့)ရပ်ကွက်တွင်လည်းကောင်း အသီးသီး ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်၊ ဝမ်စန့်ကျေးရွာနေ အိုက်ငင်းဦး(ခ) အိုက်ကျန့်ဦး(ဖမ်းဆီးရန်ကျန်)ထံမှ ကလေးမြို့နေ လာလ်ပဲက်စိုင်း(ဖမ်းဆီးရန်ကျန်)နှင့် ဝူလ်မွေး(ဖမ်းဆီးရန်ကျန်)တို့မှ ဝယ်ယူ၍ ကလေးမြို့သို့ အဆင့်ဆင့် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့်ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# ဆော်ဒီစူပါဖလားဗိုလ်လုပွဲတွင် အယ်အာလီအသင်းက အယ်နာဆာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ယူပြီး ချန်ပီယံဆုဖလားဆွတ်ခူး




ရီယက် ဩဂုတ် ၂၄

ဆော်ဒီစူပါဖလားဗိုလ်လုပွဲတွင် အယ်အာလီအသင်းက အယ်နာဆာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အယ်အာလီအသင်းနှင့် အယ်နာဆာအသင်းတို့သည် စူပါဖလားဗိုလ်လုပွဲအဖြစ် ဩဂုတ်လ ၂၃ ရက်ညပိုင်းက ဟောင်ကောင်၌ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ပြီး ပွဲချိန်အတွင်း နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ကြရာ အယ်အာလီအသင်းက ၅ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အယ်အာလီအသင်းက ဘရန့်ဖို့ဒ်အသင်းကစားသမားဟောင်း တိုနီနှင့် မန်စီးတီးအသင်းကစားသမားဟောင်း မာရက်ဇ် စသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး အယ်နာဆာအသင်းကလည်း ရော်နယ်ဒို ဦးဆောင်မှုနှင့်အတူ ကစားသမားသစ် ကိုးလ်မန်း၊ ဂျာအိုဖီးလစ်တို့ကဲ့သို့ အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့ကာ ပွဲချိန် ၄၁ မိနစ်တွင် လက်ထိဘောမှတစ်ဆင့် ရရှိခဲ့သည့် ပယ်နယ်တီကို ရော်နယ်ဒိုက သွင်းယူနိုင်ခဲ့သည်။

သို့သော် ပထမပိုင်းပြီးဆုံးခါနီး နာကျင်အချိန်ပိုခြောက်မိနစ်တွင် ကက်ဆီက အယ်အာလီအသင်းအတွက် ချေပဂိုးသွင်းယူခဲ့ရာ တစ်ဂိုးစီသရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ထို့နောက် ပွဲချိန်ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် အယ်နာဆာအသင်းက ဘရိုဇိုဗစ်၏သွင်းဂိုးဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သော်လည်း ၈၉ မိနစ်တွင် အိုင်ဘာနက်ဇ်က အယ်အာလီအသင်းအတွက် ချေပဂိုးသွင်းယူခဲ့ကာ ဒုတိယပိုင်းပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ချယ်လ်ဆီးအသင်းဂိုးသမားဟောင်းမန်ဒီ အကောင်းဆုံးလက်စွမ်းပြကာကွယ်နိုင်ခဲ့သဖြင့် အယ်အာလီအသင်းက အယ်နာဆာအသင်းကို ပယ်နယ်တီအဆုံးအဖြတ် ၅ ဂိုး- ၃ ဂိုးဖြင့် အနိုင်ရရှိပြီး ဆော်ဒီစူပါဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် ယခုဗိုလ်လုပွဲတွင် တိုက်စစ်မှူးရော်နယ်ဒိုသည် အယ်နာဆာအသင်းနှင့်အတူ ပထမဆုံးရရှိနိုင်မည့် ချန်ပီယံဆုဖလားကို လက်လွှတ်ခဲ့ရသော်လည်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် အသင်းအတွက်သွင်းဂိုး ၁၀၀ ပြည့်လာပြီး ၎င်း၏ကစားသမားသက်တမ်းတစ်လျှောက် ပေါ်တူဂီလက်ရွေးစင်အသင်း၊ မန်ယူ၊ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်စ်၊ အယ်နာဆာ စသည်ဖြင့် မတူညီသောအသင်းများအတွက် ဂိုးရာပြည့်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာကြောင်း သိရသည်။ *Ref; Fotmob*

# အာဆင်နယ်အသင်းက အရန်ဂိုးသမား ကားလ်ဟိန်းကို ဝါဒါဘရီမင်အသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ခွင့်ပြု

လန်ဒန် ဩဂုတ် ၂၄

အာဆင်နယ်အသင်းသည် ၎င်းတို့၏အရန်ဂိုးသမား ကားလ်ဟိန်းကို ဂျာမန်ကလပ် ဝါဒါဘရီမင်အသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် အသက် ၂၃ နှစ်အရွယ် အရန်ဂိုးသမားနှင့် အက်စ်တိုးနီးယားလက်ရွေးစင်ဂိုးသမား ကားလ်ဟိန်းကို ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါကလပ် ဗယ်လာဒိုးလစ်အသင်းသို့ အငှားဖြင့် သွားရောက်ကစားစေခဲ့ပြီး အဆိုပါအသင်းတွင် အဓိကဂိုးသမားအဖြစ် ၃၂ ပွဲ ပါဝင်ကစားခွင့်ရခဲ့သည်။

အာဆင်နယ်အသင်းသည် ၎င်းကို ၂၀၁၈ ခုနှစ်က အက်စ်တိုးနီးယားကလပ် နွမ်မီယူနိုက်တက်အသင်းမှ ခေါ်ယူခဲ့ပြီး အတွေ့အကြုံများရရှိစေရန် ရီဒင်းနှင့် ဗယ်လာဒိုးလစ်အသင်းများသို့ အငှားသွားရောက်ကစားစေခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ကားလ်ဟိန်းသည် အာဆင်နယ်အသင်းအတွက် ၎င်း၏ပထမဆုံးပွဲအဖြစ် ၂၀၂၂ ခုနှစ်က ဘရိုက်တန်အသင်းနှင့်ယှဉ်ပြိုင်ကစားသည့် ကာရာဘောင်းဖလားပွဲစဉ်တွင် ပါဝင်ကစားခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တစ်ပွဲမျှပါဝင်ကစားခဲ့ခြင်း မရှိသေးကြောင်း သိရသည်။ *Ref; Fabrizio Romano*

# ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား အက်ဆင်အယ်ဗာရက်ဇ် ဖီနာဘာချီအသင်းသို့ အငှားဖြင့်ပြောင်းရွှေ့

လန်ဒန် ဩဂုတ် ၂၄

ဝက်စ်ဟမ်းအသင်း၏ ကွင်းလယ်ကစားသမား အက်ဆင်အယ်ဗာရက်ဇ်သည် တူကီယဲလ်ကလပ် ဖီနာဘာချီအသင်းသို့ အငှားဖြင့်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အက်ဆင်အယ်ဗာရက်ဇ်သည် ၂၀၂၃ ခုနှစ်ဘောလုံးရာသီက နယ်သာလန်ကလပ် အေဂျက်ဇ်အသင်းမှ ပေါင် ၃၅ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုအခါ ဖီနာဘာချီအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ခဲ့ကာ အပြီးသတ်ပြောင်းရွှေ့နိုင်မည့်အချက်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုကိုင်တွယ်နေသည့် ဖီနာဘာချီအသင်းသည် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အယ်နာဆာအသင်းမှ ဂျွန်ဒူရန်၊ ဝုဗ်အသင်းမှ နယ်ဆင်ဆီမီဒိုတို့ကို ခေါ်ယူထားပြီး ယခုအခါ ဝက်စ်ဟမ်းအသင်းမှ အက်ဆင်အယ်ဗာရက်ဇ်ကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဆန်းဒါးလန်းအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်သည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် အရန်ကစားသမားစာရင်း၌သာ ပါဝင်ခွင့်ရခဲ့ပြီး ဩဂုတ်လ ၂၃ ရက်က ချယ်လ်ဆီးအသင်းကို ၅ ဂိုး- ၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်တွင်လည်း ပွဲထွက်ကစားသမားစာရင်း၌ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

Ref; Fabrizio Romano




# ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူးပါလ်မာ ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိကြောင်း ချယ်လ်ဆီးအသင်းနည်းပြမာရက်စ်ကာပြောကြား

လန်ဒန် ဩဂုတ် ၂၄

ချယ်လ်ဆီးအသင်းနည်းပြမာရက်စ်ကာက ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် အသင်း၏အဓိကတိုက်စစ်မှူး ပါလ်မာသည် ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၂) အဖြစ် ဝက်စ်ဟမ်းအသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ၅ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိပြီး အဆိုပါပွဲစဉ်မတိုင်မီ အသင်း၏ အဓိကတိုက်စစ်မှူးပါလ်မာက လေ့ကျင့်ခန်းပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြမာရက်စ်ကာက တိုက်စစ်မှူးပါလ်မာသည် လေ့ကျင့်ခန်းအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်း၏ဒဏ်ရာအခြေအနေ ဆိုးရွားစွာမဖြစ်စေရန် အရဲစွန့်ပါဝင်ကစားခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်အပြီးတွင် ရှင်းလင်းပြောကြားသည်။

အဆိုပါပွဲစဉ်တွင် ချယ်လ်ဆီးအသင်းက ယာအိုပတ်ဒရို၊ ပတ်ဒရိုနတ်တို၊ အန်ဇိုဖာနန်ဒက်စ်၊ ကိုင်စီဒိုနှင့် ချာလိုဘာတို့၏သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဝက်စ်ဟမ်းအသင်းအနေဖြင့်လည်း ယခုဘောလုံးရာသီအဖွင့်ပွဲစဉ်နှစ်ပွဲတွင် ပေးဂိုးရှစ်ဂိုးအထိ ရှိခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အဖွင့်ပွဲစဉ်နှစ်ပွဲတွင် အဆိုးရွားဆုံးပေးဂိုးမှတ်တမ်းကို ရရှိခဲ့သည်။

ထို့ပြင် ဝက်စ်ဟမ်းအသင်းသည် နည်းပြဂရေဟမ်ပေါ်တာလက်ထက် ပရီးမီးယားလိဂ်အိမ်ကွင်း ၁၀ ပွဲကစားပြီးချိန်တွင် နှစ်ပွဲသာအနိုင်ရရှိပြီး သုံးပွဲသရေ၊ ငါးပွဲအထိ ရှုံးနိမ့်ခဲ့ခြင်းကြောင့် အသင်းနည်းပြများတွင် အိမ်ကွင်း ၁၀ ပွဲကိုင်တွယ်ပြီး ရမှတ်အနည်းဆုံးနည်းပြအဖြစ် မှတ်တမ်းဆိုးကို ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိသည့် ချယ်လ်ဆီးအသင်းနည်းပြမာရက်စ်ကာကလည်း ပြီးခဲ့သည့်ဘောလုံးရာသီမှ ယခုပွဲစဉ်အထိ လန်ဒန်ဒါဘီပွဲစဉ် ၁၄ ပွဲတွင် ခုနစ်ပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် လန်ဒန်ဒါဘီပွဲစဉ်များတွင် ရမှတ်အများဆုံးရယူနိုင်ခဲ့သည့် နည်းပြဖြစ်လာသည်။

ထို့ပြင် ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် ပထမဆုံးပရီးမီးယားလိဂ်ပွဲထွက်ကစားခွင့်ရခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့် အသက် ၁၈ နှစ်နှင့် ရက် ၁၂၀ ရှိ ချယ်လ်ဆီးအသင်းလူငယ်ကစားသမား အီစတယ်ဗိုဝီလီယံသည် အန်ဇိုဖာနန်ဒက်စ် သွင်းဂိုးရရှိစေရန် ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့ပြီး ယင်းပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ *Ref; Goal.com*

# တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ







ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဩဂုတ် ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၂ ရက်**တွင်မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၉ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာ၌ မော်တော်ယာဉ်(၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၈၅) မျိုး၊ လူသုံးကုန်ပစ္စည်း (၈၁)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၃၈၁၂၅၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Box Truck (၁)စီး၊ Nissan Diesel Truck (၃)စီး၊ Hino Profia Truck (၁)စီး၊ Jing Gong Tractor Head (၁)စီး၊ Cheng Long Tractor Head (၁)စီး၊ Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၃)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၀၀၀၀၀၀)၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၁၈၁၂၅၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၁ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သန်လျင်မြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး၊ မော်တော်ဆိုင်ကယ်(၄)စီး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၅၉၅၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၂၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၉၉)ပီပါနှင့် ပီပါခွံ (၁၄၅)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၈၅၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့၊ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၇)မျိုး၊ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၈၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၆၅၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၈)လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (**ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၁၈၀၀၂၀)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဩဂုတ်လ၂၃ ရက်တွင် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ (၆)မှု**ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၈၄၀၀၀)** ဖမ်းဆီးရမိခဲ့သည်။

အလားတူ **ဩဂုတ်လ ၂၃ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၉)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃၇)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၉ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၆၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၇၃၃၁၅၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **မြဝတီ**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၃၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၄**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ်လ ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရသည်။ **မြဝတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၁၅ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal (www.myanmar.gov.mm/documents) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗိုလ်လောင်းလျှောက်လွှာများ
## အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ (မူလွန်)တနော်ကျွန်းကျောင်း၊ Grade-7 မှ မောင်ဇင်ကိုဦး၏မိခင်အမည်မှန်မှာ ဒေါ်ခင်ချိုအေး ၇/ဝမန(နိုင်)၁၀၃၆၇၁ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ချိုအေး**

**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ (မူလွန်)တနော်ကျွန်းကျောင်း၊ Grade-5 မှ မချမ်းရတီကို၏မိခင်အမည်မှန်မှာ ဒေါ်ချိုကြီး ၁၀/ကထန(နိုင်)၀၉၆၆၃၈ ဖြစ်ပါကြောင်း။

**ဒေါ်ချိုကြီး**

**ပျောက်ဆုံးကြောင်း**

မိုးမိုးဝင်း(ဘ)ဦးသောင်းစိန် ၇/လပတ(နိုင်)၁၂၀၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်ဦး(ဘ)ဦးကြိုင် ၇/လပတ(နိုင်)၁၀၉၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

သဲစုမွန်(ဘ)စောရွှေထွန်း ၁၂/လသယ(နိုင်)၀၇၁၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

သန်းဖြိုးအောင်(ဘ)ဦးသောင်းစိန် ၇/လပတ(နိုင်)၁၆၅၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဆုပန်ဝင်း(ဘ)ဦးအောင်ငွေ ၁၂/လယန(နိုင်)၀၀၉၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 124385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

**မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ**

**လူမှုရေး/စီးပွားရေးကြော်ငြာများ**

**(30 % Discount Off )**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေ့လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် Single Desk(1'8" x 2 1/2'x2 1/2')& Chair(18" x 18" x 36") Wood Finger-Joint Warranty(5 years)များ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် | - | ၂၅-၈-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၈-၉-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇ နှင့် ၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ချိုအေးတင်(ဘ)ဦးထွန်းယိုင်ဦး ၁၁/ရသတ(နိုင်)၀၃၅၉၅၈ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 258046)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**မွေးသက္ကရာဇ်အမှန်**

အဘ ဦးအောင်ချိန်၏သမီး တောင်ငူမြို့၊ အ.လ.က(အလယ်တန်းပြ)ဆရာမ ဒေါ်ခိုင်ခိုင်အောင်၇/တငန(နိုင်)၀၀၅၃၀၉၏မွေးသက္ကရာဇ်အမှန်မှာ ၂-၈-၁၉၆၅ ဖြစ်ပါကြောင်း။

၂-၈-၁၉၆၅

**ပျောက်ဆုံးကြောင်း**

ဝဏ္ဏာထွန်း(ဘ)ဦးသန်းထွန်း ၉/တကန(နိုင်)၂၁၉၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 352392)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၄၄၅၁၁၆၅**

**မွေးသက္ကရာဇ်အမှန်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 မှ (ဘ)ဦးအောင်ဇော်မိုး၏သား အောင်ကိုကိုထိုက်၏မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၀-၂၀၁၁ ဖြစ်ပါကြောင်း။ ၂၃-၁၀-၂၀၁၁

**ပျောက်ဆုံးကြောင်း**

ဗိုလ်တထောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရေနံလိုင်းနေ မောင်ဟိန်းမြတ်ကောင်း(ဘ)ဦးမြင့်ထွန်း ၁၂/ဗတထ(နိုင်)၀၄၄၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၃၁၉၇၂၈၈**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နောင်မွန်အုပ်စု၊ နောင်မွန်ရွာနေ ထွန်းထွန်းဝင်း(ဘ)ဦးလောက်စိုင်း ၁၃/လရန(နိုင်)၂၇၀၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 572770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၆၁၀၆၅၆၀**

**ပျောက်ဆုံးကြောင်း**

ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာရွာနေ မချိုသဇင်နွယ်(ဘ)ဦးနိုင်ဝင်းအောင် ၉/ပဗသ(နိုင်)၀၂၆၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 813400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။


**ဖုန်း-၀၉-၂၆၃၅၃၈၀၄၆**

**ပျောက်ဆုံးကြောင်း**

လယ်ဝေးမြို့၊ ရွှေကျင်ရွာနေ မမေဇင်ခိုင်(ဘ)ဦးစံရွှေ ၉/လဝန(နိုင်)၂၄၃၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 640171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၁၂၂၈၉၇**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Black Tea
ရွှေဖီဦး
Lemon Tea
SHWE PHE OO
Lemon Tea
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
KHA YAE PIN MART
SUGARMEC


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AUSTRALIAN INTERNATIONAL BEER AWARDS
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ် (၈၀) ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဩဂုတ် ၂၄

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တပ်မတော်၏စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ ထိုးစစ်ဆင်မှုများကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဉ့်ကလျားဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။



TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး – လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည်။ ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်၌တည်ဆောက်ပြီး ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ကာ ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတားအရှည် (၂၂၆၀) ပေ၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့်နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိသည့် မီးရထားလမ်းတံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကိုတည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့်သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သောတံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများလည်း အများအပြားလာရောက်ကြည့်ရှုလေ့လာသည့်တံတားတစ်စင်းလည်းဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ■

ဆောင်းပါး
ရေကြီးရေလျှံ ရေကန်ဖြင့်ထိန်း
စာ – ၁၁ သို့

ဩဂုတ်လ ၂၆ ရက်မှ ၂၉ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်
စာ – ၂၆ သို့

(၅၇)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုထပ်မံဆွတ်ခူး
စာ – ၂၆ သို့

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်သို့သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ်လ ၇ ရက်နေ့ည ၈ နာရီခွဲအချိန် တောင်ကြီးမြို့၊ အေးသာယာကားကြီးဝင်းတွင် မူဆယ်မြို့နေ သိန်းထွန်းဦး(ခ)ဘိုဘိုမှ မန္တလေးသို့ လူမဲ့တန်ဆာဖြင့်တင်ပို့မည့် WATER COOLER ၈ လုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WATER COOLER များအတွင်းမှ ပလတ်စတစ်ဆပ်ပြာခွက်များဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၇ ဒသမ ၀၂ ကီလို

စာမျက်နှာ ၂၇ ကော်လံ ၁ ⇨

ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ တရားခံ ဘောက်လာ(ခ)ဂျိမ်းဖောနှင့် မန္တလေးမြို့၌ တရားခံ မင်းမင်းဇော်(ခ)ကိုဇော်၊ ဇင်ကိုအောင်(ခ)အောင်သူ၊ ချစ်မင်းဟန်(ခ)အစွယ်တို့အား ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။






အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563